# ပြည်ထောင်စုလွှတ်တော်
# ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ
# ၂၀၁၇ ခုနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းအပေါ် ငွေကြေးဆိုင်ရာသုံးသပ်ချက် အစီရင်ခံစာအမှတ်စဉ်(၄/၂၀၁၇)

**နိဒါန်း**

၁။ ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏အရအသုံးခန့်မှန်းခြေငွေစာရင်းနှင့် ၂၀၁၇ ခုနှစ်၊ ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်က အတည်ပြုပြဋ္ဌာန်းပေးနိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ၁၂-၁-၂၀၁၇ ရက်စွဲပါစာအမှတ်၊ ၁၆/၃၀၅ (၅-ပထစ)/အဖရ(၂၀၁၇)ဖြင့် ပြည်ထောင်စုလွှတ်တော်သို့ပေးပို့ခဲ့ပြီး ၃၀-၁-၂၀၁၇ ရက်နေ့တွင်ကျင်းပသော ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်၊ စတုတ္ထပုံမှန်အစည်းအဝေး ပထမနေ့၌ ပြည်ထောင်စုအစိုးရအဖွဲ့ ကိုယ်စား စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၀၃၊ ပုဒ်မခွဲ(က)ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းခဲ့ပါသည်။

၂။ ပြည်ထောင်စုလွှတ်တော်ရုံး၏ ၁၁-၁-၂၀၁၇ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၅/၂၀၁၇)ဖြင့် "၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် နိုင်ငံတော်၏အမျိုးသားစီမံကိန်းဥပဒေကြမ်း၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းနှင့် နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကြမ်းများ၌ ပါဝင်သည့် စီမံကိန်းလုပ်ငန်းများနှင့် ရငွေသုံးငွေများ စိစစ်ရေးပူးပေါင်းအဖွဲ့" (၁၇)ဖွဲ့ကိုဖွဲ့စည်းခဲ့ပါသည်။

၃။ ၂၀၁၇ ခုနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပူးပေါင်းကော်မတီနှစ်ရပ်ပေါင်းစပ်ညှိနှိုင်းပြီး ငွေကြေးဆိုင်ရာသုံးသပ်ချက်အစီရင်ခံစာကို လွှတ်တော်သို့ တင်သွင်းနိုင်ရေးဆောင်ရွက်နိုင်ရန် ပြည်ထောင်စုလွှတ်တော်ရုံး၏ ၆-၂-၂၀၁၇ ရက်စွဲပါစာအမှတ်၊ ၆/၁၂/၁၀ (၅၀)/ ပထစ-၂၀၁၇ ဖြင့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီသို့ ပေးပို့ခဲ့ပါသည်။

၄။ အထက်ပါဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီသည် ၃၁-၁-၂၀၁၇ ရက်တွင် စိစစ်ရေးပူးပေါင်းအဖွဲ့(၁၇)ဖွဲ့နှင့် ညှိနှိုင်းအစည်းအဝေး၊ ၂၇-၂-၂၀၁၇ နှင့် ၂၈-၂-၂၀၁၇ ရက်နေ့များတွင် ဥပဒေကြမ်းပူးပေါင်းကော်မတီ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့မှ တာဝန်ရှိသူများနှင့် ညှိနှိုင်းအစည်းအဝေးများကျင်းပပြုလုပ်၍ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ ငွေကြေးဆိုင်ရာ သုံးသပ်ချက်အစီရင်ခံစာအမှတ်စဉ်(၄/၂၀၁၇)ကို ပြုစုပြီး ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၀၄(က)၊ (ခ)၊ (ဂ)ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြအပ်ပါသည်။

## ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်း

၅။ ပြည်ထောင်စုအစိုးရအဖွဲ့က ပေးပို့လာသည့် ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်း (တိုင်းဒေသကြီးများနှင့် ပြည်နယ်များသို့ လိုငွေဖြည့်ဆည်းပေးခြင်းနှင့် ထောက်ပံ့ပေးခြင်းများအပါအဝင်)မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(ကျပ်ဘီလီယံ)

| စဉ် | အကြောင်းအရာ | ပြည်ထောင်စု | တိုင်းဒေသကြီး/ ပြည်နယ် | စုစုပေါင်း |
|---|---|---|---|---|
| (က) | **ရငွေများ** | **၁၆,၇၆၈** | **၂,၄၇၅** | **၁၉,၂၄၃** |
| | သာမန် | ၁၄,၄၅၅ | ၂,၃၀၃ | ၁၆,၇၅၈ |
| | ငွေလုံးငွေရင်း | ၂၆၈ | ၇၈ | ၃၄၆ |
| | ကြွေးမြီ | ၂,၀၄၅ | ၉၄ | ၂,၁၃၉ |
| (ခ) | **သုံးငွေများ** | **၂၀,၈၉၆** | **၂,၄၇၅** | **၂၃,၃၇၁** |
| | သာမန် | ၁၅,၅၂၇ | ၉၅၁ | ၁၆,၄၇၈ |
| | ငွေလုံးငွေရင်း | ၄,၇၇၄ | ၁,၅၁၇ | ၆,၂၉၁ |
| | ကြွေးမြီ | ၅၉၅ | ၇ | ၆၀၂ |
| (ဂ) | **ပိုငွေ(+)/လိုငွေ(-)** | **(-)၄,၁၂၈** | | **(-)၄,၁၂၈** |
| (ဃ) | **ဂျီဒီပီတန်ဖိုး** | **၉၁,၃၁၉** | | **၉၁,၃၁၉** |
| (င) | **လိုငွေနှင့်ဂျီဒီပီအချိုး** | **၄.၅၂%** | | **၄.၅၂%** |

၆။ **ပြည်ထောင်စု၏ ရငွေများ။** ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် အရအသုံးခန့်မှန်းခြေငွေစာရင်းပါ ပြည်ထောင်စု၏ ရငွေများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(ကျပ်ဘီလီယံ)

| စဉ် | အကြောင်းအရာ | ရငွေ | ပါဝင်မှုရာခိုင်နှုန်း |
|---|---|---|---|
| (က) | အခွန်အကောက်ရငွေ | ၆,၄၈၁.၅၅၇ | ၃၈.၆၅ |
| (ခ) | နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများမှရငွေ (နိုင်ငံတော်ထည့်ဝင်ငွေ) | ၅၁၁.၆၁၀ | ၃.၀၅ |
| (ဂ) | **သာမန်ရငွေ** | | |
| | ဗဟိုအဖွဲ့အစည်းများ | ၀.၄၄၄ | ၂.၈၈ |
| | ဝန်ကြီးဌာနများ | ၄၈၁.၉၈၄ | |
| (ဃ) | နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ရငွေ (ဘဏ္ဍာရန်ပုံငွေအတွင်း) | ၄,၉၁၂.၈၉၄ | ၂၉.၃၀ |
| (င) | နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ရငွေ (ဘဏ္ဍာရန်ပုံငွေပြင်ပ) | ၉၈၈.၉၇၆ | ၅.၉၀ |
| (စ) | မြန်မာနိုင်ငံတော်ဗဟိုဘဏ် | ၄၉၂.၁၃၉ | ၂.၉၃ |
| (ဆ) | ပြည်ပအကူအညီရငွေ (Grant) | ၆၁၈.၉၂၆ | ၃.၆၉ |

C:\Users\myothandarkhaing\Desktop\4-2017\for PDF\(4-2017)Budget Report.docx

| စဉ် | အကြောင်းအရာ | ရငွေ | ပါဝင်မှုရာခိုင်နှုန်း |
|---|---|---|---|
| (ဇ) | အခြား | ၂၃၇.၄၆၄ | ၁.၄၂ |
| | **အမှန်ရငွေစုစုပေါင်း** | **၁၄,၇၂၅.၉၉၄** | |
| (ဈ) | ပြည်တွင်းပြည်ပကြွေးမြီများပြန်ဆပ်၍ရငွေ | ၈၉.၂၇၂ | ၀.၅၃ |
| (ည) | ပြည်ပချေးငွေဖြင့်သုံးစွဲမည့်ငွေ | ၁,၉၅၃.၁၁၂ | ၁၁.၆၅ |
| | **စုစုပေါင်း** | **၁၆,၇၆၈.၃၇၈** | **၁၀၀.၀၀** |

၇။ ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်အတွင်းရရှိနိုင်မည့် ပြည်ပအကူအညီရငွေနှင့် ပြည်ပချေးငွေများကို အောက်ပါအတိုင်း ခွဲဝေသုံးစွဲရန်လျာထားပါသည်-

(ကျပ်ဘီလီယံ)

| စဉ် | အဖွဲ့အစည်းအမည် | ပြည်ပအကူအညီ ရငွေများ | ပြည်ပ ချေးငွေများ |
|---|---|---|---|
| (က) | ဗဟိုအဖွဲ့အစည်းများ | ၁.၅၀၁ | ၂.၂၅၁ |
| (ခ) | ဝန်ကြီးဌာနနှင့်ဦးစီးဌာနများ | ၅၈၃.၃၅၃ | ၁,၂၆၆.၉၇၇ |
| (ဂ) | နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများ (ဘဏ္ဍာရန်ပုံငွေအတွင်း) | ၂၀.၀၅၈ | ၅၃၅.၈၈၂ |
| (ဃ) | နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများ(ဘဏ္ဍာရန်ပုံငွေပြင်ပ) | ၁၄.၀၁၄ | ၁၄၄.၀၄၄ |
| (င) | မြန်မာနိုင်ငံတော်ဗဟိုဘဏ် | - | ၃.၉၅၈ |
| | **စုစုပေါင်း** | **၆၁၈.၉၂၆** | **၁,၉၅၃.၁၁၂** |

၈။ ပြည်ထောင်စုအဖွဲ့အစည်းအလိုက် ရသုံးမှန်းခြေငွေစာရင်းအကျဉ်းချုပ်မှာ အောက်ပါအတိုင်းဖြစ်ပြီး အသေးစိတ်ကို **နောက်ဆက်တွဲ(က)**ဖြင့် ဖော်ပြထားပါသည်-

(ကျပ်ဘီလီယံ)

| စဉ် | အဖွဲ့အစည်းအမည် | ရငွေ | အသုံးစရိတ် | ပိုငွေ(+)/ လိုငွေ(-) |
|---|---|---|---|---|
| (က) | ဗဟိုအဖွဲ့အစည်းများနှင့် ပြည်ထောင်စု ဝန်ကြီးဌာနများ၊ ဦးစီးဌာနများ၊ သီးသန့် ရန်ပုံငွေ နှင့်တိုင်းဒေသကြီး/ ပြည်နယ် များသို့ ထောက်ပံ့ငွေအပါအဝင် | ၉,၅၃၅.၇၃၂ | ၁၃,၂၄၅.၂၈၂ | (-)၃,၇၀၉.၅၅၀ |
| (ခ) | ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေပြင်ပမှ ဝန်ကြီးဌာနနှင့် ဦးစီးဌာနများ (လူမှုဖူလုံရေးအဖွဲ့) | ၇၈.၇၈၀ | ၁၅.၃၈၇ | (+)၆၃.၃၉၃ |
| (ဂ) | နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများ | ၅,၄၆၈.၈၃၄ | ၆,၀၈၃.၅၃၁ | (-)၆၁၄.၆၉၇ |
| (ဃ) | ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေပြင်ပ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ | ၁,၁၄၇.၀၃၄ | ၁,၁၃၇.၁၁၈ | (+)၉.၉၁၆ |
| (င) | မြန်မာနိုင်ငံတော်ဗဟိုဘဏ် | ၄၉၆.၀၉၇ | ၃၄၆.၁၁၁ | (+)၁၄၉.၉၈၆ |

C:\Users\myothandarkhaing\Desktop\4-2017\for PDF\(4-2017)Budget Report.docx

| စဉ် | အဖွဲ့အစည်းအမည် | ရငွေ | အသုံးစရိတ် | ပိုငွေ(+)/ လိုငွေ(-) |
|---|---|---|---|---|
| (စ) | တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ | ၁.၂၀၇ | ၁.၂၁၆ | (-)၀.၀၀၉ |
| (ဆ) | နေပြည်တော်ကောင်စီ | ၀.၀၁၁ | ၂၇.၃၁၆ | (-)၂၇.၃၀၅ |
| (ဇ) | နေပြည်တော်စည်ပင်သာယာရေးကော်မတီ | ၄၀.၆၈၃ | ၄၀.၄၇၂ | (+)၀.၂၁၁ |
| | စုစုပေါင်း | ၁၆,၇၆၈.၃၇၈ | ၂၀,၈၉၆.၄၃၃ | (-)၄,၁၂၈.၀၅၅ |

## ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာနှစ်အတွင်း ထောက်ပံ့ငွေများ

၉။ ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာနှစ်တွင် စုစုပေါင်းထောက်ပံ့ငွေ အသုံးစရိတ်ကျပ် (၂၃၆၇.၀၁၄) ဘီလီယံတွင် ပြည်တွင်းထောက်ပံ့ငွေမှာ ကျပ်(၂၂၆၁.၉၄၀)ဘီလီယံဖြစ်ပြီး ပြည်ပထောက်ပံ့ငွေမှာ ကျပ်(၁၀၅.၀၇၅)ဘီလီယံ ဖြစ်ပါသည်။ ပြည်တွင်းထောက်ပံ့ငွေအနက် တိုင်းဒေသကြီး/ ပြည်နယ်များသို့ ထောက်ပံ့ငွေမှာ ကျပ်(၁,၇၀၇.၅၈၀)ဘီလီယံဖြစ်ပြီး ဝန်ကြီးဌာနများ၏ထောက်ပံ့ငွေမှာ ကျပ်(၅၅၃.၅၅၅) ဘီလီယံ ဖြစ်ပါသည်။

၁၀။ ဝန်ကြီးဌာနများ၏ ပြည်တွင်းထောက်ပံ့ငွေအနက် ကျပ်(၄၄၄.၈၂၄)ဘီလီယံမှာ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသို့ ထောက်ပံ့ငွေဖြစ်ပြီး အသေးစိတ်စာရင်းကို အောက်ပါအတိုင်းတွေ့ရှိရပါသည်-

| | | |
|---|---|---|
| (က) | နေပြည်တော်စည်ပင်သာယာရေးကော်မတီ | ၁၁.၁၄၀ ကျပ်ဘီလီယံ၊ |
| (ခ) | ပြည်ထောင်စုလွှတ်တော်(ဖွံ့ဖြိုးရေးရန်ပုံငွေ) | ၃၂.၂၀၀ ကျပ်ဘီလီယံ၊ |
| (ဂ) | ရေဘေးသင့်ပြန်လည်ထူထောင်ရေး | ၄၁.၄၇၅ ကျပ်ဘီလီယံ၊ |
| (ဃ) | သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ | ၂၀.၀၀၀ ကျပ်ဘီလီယံ၊ |
| (င) | လူ့အခွင့်အရေးကော်မရှင် | ၁.၁၆၀ ကျပ်ဘီလီယံ၊ |
| (စ) | KFW ထောက်ပံ့ငွေဖြင့် TA အတွက် သမဝါယမသို့ ထောက်ပံ့ငွေ | ၀.၇၆၅ ကျပ်ဘီလီယံ၊ |
| (ဆ) | ကမ္ဘာ့ဘဏ်ချေးငွေဖြင့် Budget Support အတွက် ထောက်ပံ့ခြင်း | ၃၃၆.၇၅၀ ကျပ်ဘီလီယံ၊ |
| (ဇ) | အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် | ၁.၃၃၄ ကျပ်ဘီလီယံ၊ |
| | **စုစုပေါင်း** | **၄၄၄.၈၂၄ ကျပ်ဘီလီယံ** |

## ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်

၁၁။ **အဖွဲ့အစည်းအလိုက် အသုံးစရိတ်လျာထားချက်ရာခိုင်နှုန်း။** ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏အရအသုံးခန့်မှန်းခြေ(မူလခန့်မှန်းခြေ)စာရင်းတွင်ပါဝင်သည့် အဖွဲ့အစည်းအလိုက် အသုံးစရိတ်လျာထားချက် ရာခိုင်နှုန်းကို ယခင်နှစ်များ၏ လျာထားချက်နှင့်နှိုင်းယှဉ်၍ အောက်ပါ အတိုင်း တင်ပြအပ်ပါသည်-

(ရာခိုင်နှုန်း)

| စဉ် | ဌာန/အဖွဲ့အစည်း | ၂၀၁၄-၂၀၁၅ | ၂၀၁၅-၂၀၁၆ | ၂၀၁၆-၂၀၁၇ | ၂၀၁၇-၂၀၁၈ (စိစစ်ဆဲ) |
|---|---|---|---|---|---|
| (က) | လျှပ်စစ်နှင့် စွမ်းအင် | ၂၈.၀၈ | ၂၇.၇၅ | ၂၄.၃၂ | ၂၁.၅၂ |
| (ခ) | စီမံကိန်းနှင့် ဘဏ္ဍာရေး | ၁၈.၃၂ | ၂၀.၀၄ | ၂၀.၈၂ | ၂၃.၁၈ |
| (ဂ) | ကာကွယ်ရေး | ၁၂.၂၆ | ၁၃.၃၄ | ၁၄.၃၁ | ၁၃.၉၅ |
| (ဃ) | ပညာရေး | ၆.၅၁ | ၇.၄၂ | ၈.၀၅ | ၈.၄၄ |
| (င) | စိုက်/မွေး/ဆည် | ၅.၃၈ | ၇.၇၅ | ၅.၈၀ | ၅.၉၇ |
| (စ) | နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ(ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေပြင်ပ) | ၁.၈၉ | ၁.၄၂ | ၅.၆၃ | ၅.၄၄ |
| (ဆ) | ပို့/ဆက် | ၆.၁၆ | ၄.၀၈ | ၄.၂၉ | ၃.၆၆ |
| (ဇ) | ကျန်းမာ/အားကစား | ၃.၅၁ | ၃.၇၇ | ၄.၂၀ | ၅.၁၆ |
| (ဈ) | စက်မှု | ၃.၅၀ | ၂.၈၄ | ၂.၇၈ | ၂.၄၂ |
| (ည) | ဆောက်လုပ်ရေး | ၅.၉၅ | ၃.၂၄ | ၂.၄၈ | ၂.၄၁ |
| (ဋ) | သယံဇာတ/ သဘာဝ | ၁.၆၈ | ၂.၅၃ | ၁.၉၂ | ၁.၆၃ |
| (ဌ) | ဗဟိုဘဏ် | ၁.၈၁ | ၁.၃၈ | ၁.၅၂ | ၁.၆၆ |
| (ဍ) | ပြည်ထဲရေး | ၁.၆၀ | ၁.၃၆ | ၁.၄၉ | ၁.၉၃ |
| (ဎ) | အခြား | ၃.၃၄ | ၃.၀၉ | ၂.၄၀ | ၂.၆၄ |
| | **စုစုပေါင်း** | **၁၀၀** | **၁၀၀** | **၁၀၀** | **၁၀၀** |

**မှတ်ချက်။** (၁) စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသုံးငွေတွင် ၎င်းဝန်ကြီးဌာနသုံးငွေအပြင် တိုင်းဒေသကြီး/ပြည်နယ်များသို့ ထောက်ပံ့ငွေ၊ ပင်စင်လစာငွေများနှင့် ဂုဏ်ထူးဆောင်ဘွဲ့/တံဆိပ်ချီးမြှင့်ငွေများ၊ ဆုငွေများနှင့် တစ်လုံးတည်းပင်စင်ငွေများနှင့် သီးသန့်ရန်ပုံငွေတို့ပါဝင်ပါသည်။

(၂) အခြားတွင် ဗဟိုအဖွဲ့အစည်းများ၊ နိုင်ငံခြားရေး၊ နယ်စပ်ရေးရာ၊ ပြန်ကြားရေး၊ အလုပ်သမား လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား၊ သာသနာရေးနှင့်ယဉ်ကျေးမှု၊ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး၊ ဟိုတယ်နှင့်ခရီးသွားလာရေး၊ နိုင်ငံတော်အတိုင်ပင်ခံရုံး၊ တိုင်းရင်းသားလူမျိုးများရေးရာ၊ နေပြည်တော်ကောင်စီ၊ နေပြည်တော်စည်ပင်သာယာရေး၊ တပ်မြို့စည်ပင်သာယာရေးနှင့် လူမှုဖူလုံရေးအဖွဲ့တို့ပါဝင်ပါသည်။

၁၂။ **သာမန်သုံးငွေများ။** သာမန်သုံးငွေများတွင်ပါဝင်သည့် လစာစရိတ်များ၊ ပင်စင်နှင့် ဆုကြေးငွေများ၊ ပစ္စည်းဝယ်ယူခြင်း၊ ဆောင်ရွက်ခြင်းတို့အတွက် ကုန်ကျစရိတ်နှင့် လုပ်အားခ၊ ဓာတ်ဆီ၊ စက်ဆီ၊ ချောဆီအသုံးစရိတ်နှင့် ပြင်ဆင်ထိန်းသိမ်းစရိတ်တို့ကို ယခင်နှစ်များ၏ အသုံးစရိတ်များနှင့် နှိုင်းယှဉ်၍ အောက်ပါအတိုင်းကောက်နုတ်တင်ပြအပ်ပါသည်-

**(ကျပ်ဘီလီယံ)**

| **စဉ်** | **အကြောင်းအရာ** | **၂၀၁၅-၂၀၁၆ (ရှေ့ပြေးအမှန်)** | **၂၀၁၆-၂၀၁၇ (ပြုပြင်ပြီး)** | **၂၀၁၇-၂၀၁၈ (မူလ)** |
|---|---|---|---|---|
| (က) | လစာစရိတ်ချီးမြှင့်ငွေများ | ၁,၉၁၀.၇၁၇ | ၂,၁၁၇.၈၇၇ | ၂,၀၉၇.၉၇၆ |
| (ခ) | ပင်စင်လစာနှင့်ဆုငွေများ | ၆၆၃.၁၃၀ | ၇၉၁.၆၉၅ | ၈၀၉.၈၃၇ |
| (ဂ) | ပစ္စည်းဝယ်ယူခြင်း၊ ဆောင်ရွက်ပေးခြင်း အတွက် ကုန်ကျစရိတ်နှင့် လုပ်အားခ | ၆၁၁.၄၇၂ | ၇၃၆.၈၅၀ | ၈၂၈.၁၀၉ |
| (ဃ) | ဓါတ်ဆီ၊ စက်ဆီ၊ ချောဆီ | ၅၆.၈၀၅ | ၆၉.၆၆၆ | ၆၃.၄၅၆ |
| (င) | ပြင်ဆင်ထိန်းသိမ်းစရိတ် (မော်တော်ယာဉ်များအပါအဝင်) | ၃၀၃.၃၈၅ | ၃၀၅.၈၇၉ | ၃၂၆.၆၇၃ |
| | **စုစုပေါင်း** | | | |

၁၃။ ပြည်တွင်းပြည်ပချေးငွေများအတွက် ပေးဆောင်ရမည့် အတိုးငွေအသုံးစရိတ်မှာ အောက်ပါအတိုင်း နှစ်စဉ်တိုးတက်လျက်ရှိပါသည်-

**(ကျပ်ဘီလီယံ)**

| **စဉ်** | **ဘဏ္ဍာရေးနှစ်** | **ပြည်တွင်းချေးငွေ အတိုး** | **ပြည်ပချေးငွေ အတိုး** | **စုစုပေါင်း** |
|---|---|---|---|---|
| (က) | ၂၀၁၅-၂၀၁၆ (ရှေ့ပြေးအမှန်) | ၆၃၉ | ၈၀ | ၇၁၉ |
| (ခ) | ၂၀၁၆-၂၀၁၇ (ပြုပြင်ပြီးခန့်မှန်းခြေ) | ၈၃၄ | ၁၁၉ | ၉၅၃ |
| (ဂ) | ၂၀၁၇-၂၀၁၈ (လျာထားချက်) | ၉၀၅ | ၁၀၂ | ၁,၀၀၇ |

၁၄။ **ငွေလုံးငွေရင်းသုံးငွေများ။** ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ်တွင် ဆောက်လုပ်ရေး၊ စက်ပစ္စည်းကိရိယာများဝယ်ယူခြင်းနှင့် အခြားအသုံးစရိတ်များပါဝင်မှုမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| **စဉ်** | **အကြောင်းအရာ** | **(ကျပ်ဘီလီယံ)** | **ရာခိုင်နှုန်း** |
|---|---|---|---|
| (က) | ဆောက်လုပ်ရေး | ၁,၉၂၆.၉၃၀ | ၄၀.၃၇ |
| (ခ) | စက်ပစ္စည်းကိရိယာဝယ်ယူခြင်း | ၂,၃၈၅.၀၄၉ | ၄၉.၉၆ |
| (ဂ) | အခြား | ၄၆၁.၇၇၃ | ၉.၆၇ |
| | **စုစုပေါင်း** | **၄,၇၇၃.၇၅၂** | **၁၀၀.၀၀** |

C:\Users\myothandarkhaing\Desktop\4-2017\for PDF\(4-2017)Budget Report.docx

၁၅။ ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်၏ ရငွေ၊ သုံးငွေလျာထားချက်များကို ပြီးခဲ့သော ဘဏ္ဍာရေးနှစ်၏ ရငွေသုံးငွေများနှင့် နှိုင်းယှဉ်ပါက အောက်ပါအတိုင်းဖြစ်ကြောင်း တွေ့ရှိရပါသည်-

(က) **စုစုပေါင်းရငွေတွင် အခွန်အကောက်ရငွေ၊ ဝန်ကြီးဌာန၊ အဖွဲ့အစည်းများ၏ ရငွေနှင့် နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ရငွေအခြေအနေ**

**(ကျပ်ဘီလီယံ)**

| စဉ် | ဘဏ္ဍာရေးနှစ် | အခွန်ရငွေ | ဗဟိုအဖွဲ့အစည်း/ ဝန်ကြီးဌာန များ၏ရငွေ | SEE များ၏ရငွေ | စုစုပေါင်း |
|---|---|---|---|---|---|
| (၁) | ၂၀၁၁-၂၀၁၂ | ၁,၆၉၃ | ၁,၃၅၂ | ၃,၄၀၈ | ၆,၄၅၃ |
| (၂) | ၂၀၁၂-၂၀၁၃ | ၃,၃၇၂ | ၁,၄၇၆ | ၇,၃၀၇ | ၁၂,၁၅၅ |
| (၃) | ၂၀၁၃-၂၀၁၄ | ၄,၄၅၁ | ၁,၇၁၄ | ၈,၀၃၉ | ၁၄,၂၀၄ |
| (၄) | ၂၀၁၄-၂၀၁၅ | ၆,၅၁၈ | ၂,၂၀၂ | ၈,၀၈၈ | ၁၆,၈၀၈ |
| (၅) | ၂၀၁၅-၂၀၁၆ (အမှန်) | ၆,၁၁၅ | ၃.၁၄၉ | ၇,၁၄၃ | ၁၆,၆၀၇ |
| (၆) | ၂၀၁၆-၂၀၁၇ (ပြုပြင်ပြီး) | ၆,၅၁၃ | ၃,၀၅၁ | ၇,၅၃၁ | ၁၇,၀၉၅ |
| (၇) | ၂၀၁၇-၂၀၁၈ (လျာထားချက်) | ၆,၄၈၁ | ၃,၆၇၁ | ၆,၆၁၆ | ၁၆,၇၆၈ |

**မှတ်ချက်။** ဗဟိုအဖွဲ့အစည်း၊ ဝန်ကြီးဌာနများ၏ ရငွေနှင့် နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ၏ ရငွေတွင် ပြည်ပအကူအညီရငွေနှင့် ချေးငွေများ အပါအဝင်ဖြစ်ပါသည်။

(ခ) **အခွန်အကောက်ရရှိငွေလျာထားချက်။** အခွန်အကောက်ရငွေလျာထားချက် ကျပ် ၆,၄၈၀.၉၁၃ ဘီလီယံမှာ ၂၀၁၄-၂၀၁၅ ခု၊ ဘဏ္ဍာရေးနှစ် အခွန်ကောက်ခံရရှိငွေ၊ ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ် ပြုပြင်ပြီးခန့်မှန်းခြေစာရင်းများနှင့်နှိုင်းယှဉ်ပါက အောက်ပါ အတိုင်း လျော့နည်းလျာထားကြောင်းတွေ့ရှိရပါသည်-

**(ကျပ်ဘီလီယံ)**

| စဉ် | ဘဏ္ဍာရေးနှစ် | အခွန်ရငွေ | အခွန်ရငွေနှင့် ဂျီဒီပီအချိုး |
|---|---|---|---|
| (၁) | ၂၀၁၁-၂၀၁၂ | ၁,၆၉၃.၀၃၂ | ၃.၆ |
| (၂) | ၂၀၁၂-၂၀၁၃ | ၃,၃၇၂.၃၅၆ | ၆.၆ |
| (၃) | ၂၀၁၃-၂၀၁၄ | ၄,၄၅၀.၅၅၂ | ၇.၅ |
| (၄) | ၂၀၁၄-၂၀၁၅ | ၆,၅၁၇.၉၇၉ | ၉.၈ |
| (၅) | ၂၀၁၅-၂၀၁၆ | ၆,၁၁၄.၆၉၇ | ၈.၆ |
| (၆) | ၂၀၁၆-၂၀၁၇(ပြုပြင်ပြီး) | ၆,၅၁၂.၆၀၄ | ၈.၀ |
| (၇) | ၂၀၁၇-၂၀၁၈(မူလခန့်မှန်းခြေ) | ၆,၄၈၀.၉၁၃ | ၇.၁ |

## (ဂ) ပြည်ပအကူအညီရငွေနှင့် ပြည်ပချေးငွေရရှိမှု

(ကျပ်ဘီလီယံ)

| စဉ် | ဘဏ္ဍာရေးနှစ် | ပြည်ပအကူအညီရငွေ | ပြည်ပချေးငွေ |
|---|---|---|---|
| (၁) | ၂၀၁၁-၂၀၁၂ | ၀.၂၂၃ | ၃.၂၆၃ |
| (၂) | ၂၀၁၂-၂၀၁၃ | ၉.၉၁၇ | ၃၂၉.၃၈၇ |
| (၃) | ၂၀၁၃-၂၀၁၄ | ၁၄၆.၄၈၀ | ၄၅၇.၈၃၂ |
| (၄) | ၂၀၁၄-၂၀၁၅ | ၃၀၅.၁၄၃ | ၆၃၇.၇၉၂ |
| (၅) | ၂၀၁၅-၂၀၁၆(ရှေ့ပြေးအမှန်) | ၃၃၀.၄၂၆ | ၇၆၈.၁၂၉ |
| (၆) | ၂၀၁၆-၂၀၁၇(RE) | ၄၆၀.၈၀၄ | ၁,၂၆၄.၄၃၃ |
| (၇) | ၂၀၁၇-၂၀၁၈(မူလခန့်မှန်းခြေ) | ၆၁၈.၉၂၆ | ၁,၉၅၃.၁၁၂ |

## (ဃ) ပြည်တွင်း၊ ပြည်ပကြွေးမြီအခြေအနေ

(ကျပ်ဘီလီယံ)

| စဉ် | ဘဏ္ဍာရေးနှစ် | ပြည်တွင်း ကြွေးမြီ | ဂျီဒီပီ၏ ရာခိုင်နှုန်း | ပြည်ပ ကြွေးမြီ | ဂျီဒီပီ၏ ရာခိုင်နှုန်း | စုစုပေါင်း |
|---|---|---|---|---|---|---|
| (၁) | ၂၀၁၁-၂၀၁၂ | ၉,၉၃၈ | ၂၁.၃ % | ၆,၃၃၅ | ၁၃.၆ % | ၁၆,၂၇၃ |
| (၂) | ၂၀၁၂-၂၀၁၃ | ၁၀,၈၂၄ | ၂၁.၁ % | ၇,၃၀၁ | ၁၄.၂ % | ၁၈,၁၂၅ |
| (၃) | ၂၀၁၃-၂၀၁၄ | ၁၂,၀၁၄ | ၂၀.၃ % | ၉,၅၆၁ | ၁၆.၁ % | ၂၁,၅၇၅ |
| (၄) | ၂၀၁၄-၂၀၁၅ | ၁၂,၄၈၇ | ၁၈.၉ % | ၉,၅၄၅ | ၁၄.၄ % | ၂၂,၀၃၂ |
| (၅) | ၂၀၁၅-၂၀၁၆ | ၁၅,၇၂၄ | ၂၁.၄ % | ၁၂,၂၄၆ | ၁၆.၇ % | ၂၇,၉၇၀ |
| (၆) | ၂၀၁၆-၂၀၁၇ (၃၁-၁၂-၂၀၁၆ အထိ) | ၁၆,၃၃၄ | ၂၀.၁ % | ၁၀,၆၅၃ | ၁၃.၁ % | ၂၆,၉၈၇ |

## (င) တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ ဘတ်ဂျက်လိုငွေကို ထောက်ပံ့ဖြည့်ဆည်းပေးခြင်း

(ကျပ်ဘီလီယံ)

| စဉ် | ဘဏ္ဍာရေးနှစ် | လိုငွေဖြည့်ဆည်း ပေးခြင်း | အထူးကိစ္စအတွက် ထောက်ပံ့ပေးခြင်း | စုစုပေါင်း |
|---|---|---|---|---|
| (၁) | ၂၀၁၁-၂၀၁၂ | ၁၆၀.၂၀၁ | - | ၁၆၀.၂၀၁ |
| (၂) | ၂၀၁၂-၂၀၁၃ | ၄၃၇.၀၃၈ | ၁၆.၀၀၀ | ၄၅၃.၀၃၈ |
| (၃) | ၂၀၁၃-၂၀၁၄ | ၄၉၈.၂၈၀ | ၁၄.၀၀၀ | ၅၁၂.၂၈၀ |
| (၄) | ၂၀၁၄-၂၀၁၅ | ၁,၄၅၇.၆၃၆ | ၈၁.၅၉၉ | ၁,၅၃၉.၂၃၅ |
| (၅) | ၂၀၁၅-၂၀၁၆ (ရှေ့ပြေးအမှန်) | ၁,၅၉၁.၈၄၀ | ၁၁၅.၂၉၃ | ၁,၇၀၇.၁၃၃ |
| (၆) | ၂၀၁၆-၂၀၁၇(ပြုပြင်ပြီး) | ၁,၇၀၆.၁၄၈ | ၃၂.၂၀၀ | ၁,၇၃၈.၃၄၈ |
| (၇) | ၂၀၁၇-၂၀၁၈(မူလခန့်မှန်းခြေ) | ၁,၇၀၇.၅၈၀ | ၃၂.၂၀၀ | ၁,၇၃၉.၇၈၀ |

(စ) **ပညာရေးနှင့်ကျန်းမာရေးအသုံးစရိတ်တိုးမြှင့်သုံးစွဲမှု။** ပညာရေးနှင့်ကျန်းမာရေး အသုံးစရိတ်လျာထားချက်မှာ ၂၀၁၁-၂၀၁၂ ခုနှစ်၊ အသုံးစရိတ်ထက် ပညာရေး အသုံးစရိတ်တွင် ၅၆၉.၀၃ ရာခိုင်နှုန်း၊ ကျန်းမာရေးအသုံးစရိတ်တွင် ၁၂၃၉.၀၈ ရာခိုင်နှုန်း တိုးတက်သုံးစွဲသွားရန် အောက်ပါအတိုင်း လျာထားကြောင်းတွေ့ရှိရပါသည်-

(ကျပ်ဘီလီယံ)

| စဉ် | ခုနှစ် | ပညာရေး | ကျန်းမာရေး |
|---|---|---|---|
| (က) | ၂၀၁၁-၂၀၁၂ | ၃၁၀ | ၈၇ |
| (ခ) | ၂၀၁၂-၂၀၁၃ | ၇၆၁ | ၃၈၁ |
| (ဂ) | ၂၀၁၃-၂၀၁၄ | ၈၉၃ | ၄၈၅ |
| (ဃ) | ၂၀၁၄-၂၀၁၅ | ၁,၁၀၆ | ၆၆၂ |
| (င) | ၂၀၁၅-၂၀၁၆ (ရှေ့ပြေးအမှန်) | ၁,၄၀၆ | ၇၅၄ |
| (စ) | ၂၀၁၆-၂၀၁၇ (ပြုပြင်ပြီး) | ၁,၇၂၆ | ၈၈၁ |
| (ဆ) | ၂၀၁၇-၂၀၁၈ (မူလ) | ၁,၇၆၄ | ၁,၀၇၈ |
| | **တိုးတက်မှု(၂၀၁၁-၂၀၁၂ မှ ၂၀၁၇-၂၀၁၈ ထိ)** | ၅၆၉.၀၃% | ၁၂၃၉.၀၈% |
| | **ပြည်ထောင်စုအသုံးစရိတ်တွင်ပါဝင်မှု ရာခိုင်နှုန်း** | ၈.၄၄% | ၅.၁၆% |

(ဆ) **ဘတ်ဂျက်လိုငွေပမာဏနှင့် လိုငွေနှင့် GDP အချိုး။** ပြည်ထောင်စုအစိုးရအဖွဲ့၏ တင်ပြချက်အရ ဘတ်ဂျက်လိုငွေ ကျပ် ၄၁၂၈.၀၅၅ ဘီလီယံဖြစ်ပြီး လိုငွေနှင့် GDP အချိုးမှာ ၄.၅၂ ရာခိုင်နှုန်းဖြစ်ပါသည်။ သို့သော် အဆိုပါဘတ်ဂျက်လိုငွေပမာဏနှင့် လိုငွေနှင့် GDP အချိုးမှာ စာရင်းကိုင်နည်းကို အခြေခံရေးဆွဲသည့်နည်းလမ်း Accounting Method အရတွက်ချက်မှုဖြစ်ပြီး အမှန်တကယ်ရငွေမဟုတ်သော ပြည်တွင်းပြည်ပ ချေးယူရငွေနှင့် ပြည်တွင်းပြည်ပချေးငွေအတွက် ပေးဆပ်ငွေများကို ထည့်သွင်းတွက်ချက်ထားခြင်းကြောင့်ဖြစ်ပါသည်။ အကယ်၍ Government Financial Statistics Manual အရ ဘတ်ဂျက်လိုငွေတွက်ချက်နည်းဖြစ်သည့် ဆန်းစစ်ချက်ကို အခြေခံရေးဆွဲသည့်နည်းလမ်း Analytical Method ဖြင့်တွက်ချက်မည်ဆိုပါက ပြည်တွင်းပြည်ပ ချေးယူရငွေနှင့် ချေးယူငွေအတွက် အရင်းပေးဆပ်ငွေများကို ထည့်သွင်းတွက်ချက်ခြင်း မပြုရသောကြောင့် ဘတ်ဂျက်လိုငွေပမာဏမှာ ကျပ် ၅,၅၇၈.၁၈၉ ဘီလီယံဖြစ်ပြီး လိုငွေနှင့် GDP အချိုးမှာ ၆.၁၁ ရာခိုင်နှုန်းဖြစ်ကြောင်း အောက်ပါအတိုင်း နှိုင်းယှဉ်တွက်ချက်တင်ပြအပ်ပါသည်-

(ကျပ်ဘီလီယံ)

| စဉ် | အကြောင်းအရာ | Accounting Method | Analytical Method |
|---|---|---|---|
| (၁) | **ရငွေများ** | **၁၆,၇၆၈.၃၇၈** | **၁၄,၇၂၂.၉၄၃** |
| | သာမန် | ၁၄,၄၅၅.၄၈၇ | ၁၄,၄၅၅.၄၈၇ |
| | ငွေလုံးငွေရင်း | ၂၆၇.၄၅၆ | ၂၆၇.၄၅၆ |
| | ကြွေးမြီ | ၂,၀၄၅.၄၃၅ | - |
| (၂) | **သုံးငွေများ** | **၂၀,၈၉၆.၄၃၃** | **၂၀,၃၀၁.၁၃၂** |
| | သာမန် | ၁၅,၅၂၇.၃၈၀ | ၁၅,၅၂၇.၃၈၀ |
| | ငွေလုံးငွေရင်း | ၄,၇၇၃.၇၅၂ | ၄,၇၇၃.၇၅၂ |
| | ကြွေးမြီ | ၅၉၅.၃၀၁ | - |
| (၃) | **ပိုငွေ(+)/လိုငွေ(-)** | **(-)၄,၁၂၈.၀၅၅** | **(-)၅,၅၇၈.၁၈၉** |
| (၄) | **ဂျီဒီပီတန်ဖိုး** | **၉၁,၃၁၉.၄၃၃** | **၉၁,၃၁၉.၄၃၃** |
| (၅) | **လိုငွေနှင့် ဂျီဒီပီအချိုး** | ၄.၅၂ % | ၆.၁၁ % |

၁၆။ ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် အရအသုံးခန့်မှန်းခြေငွေစာရင်းကို ပြီးခဲ့သော ဘဏ္ဍာရေးနှစ်များ၏ အရအသုံးခန့်မှန်းခြေငွေစာရင်းများနှင့် နှိုင်းယှဉ်ပါက အောက်ပါအတိုင်း တွေ့ရှိရပါသည်-

(ကျပ်ဘီလီယံ)

| | အကြောင်းအရာ | ၂၀၁၄-၂၀၁၅ (အမှန်) | ၂၀၁၅-၂၀၁၆ (အမှန်) | ၂၀၁၆-၂၀၁၇ RE | ၂၀၁၇-၂၀၁၈ တင်ပြချက် |
|---|---|---|---|---|---|
| (က) | **ရငွေများ** | **၁၆,၈၀၈** | **၁၆,၆၀၇** | **၁၇,၀၉၅** | **၁၆,၇၆၈** |
| | သာမန် | ၁၆,၁၈၀ | ၁၅,၃၆၀ | ၁၅,၄၃၂ | ၁၄,၄၅၆ |
| | ငွေလုံးငွေရင်း | ၁၉၉ | ၃၅၈ | ၃၁၃ | ၂၆၇ |
| | ကြွေးမြီ | ၄၂၉ | ၈၈၉ | ၁,၃၅၀ | ၂,၀၄၅ |
| (ခ) | **သုံးငွေများ** | **၁၇,၆၀၀** | **၁၉,၆၅၅** | **၂၁,၁၀၅** | **၂၀,၈၉၆** |
| | သာမန် | ၁၂,၄၉၈ | ၁၄,၂၁၄ | ၁၅,၆၂၅ | ၁၅,၅၂၇ |
| | ငွေလုံးငွေရင်း | ၄,၆၀၄ | ၄,၇၀၇ | ၄,၉၃၅ | ၄,၇၇၄ |
| | ကြွေးမြီ | ၄၉၈ | ၇၃၃ | ၅၄၅ | ၅၉၅ |
| (ဂ) | **ပိုငွေ(+)/လိုငွေ(-)** | **(-)၇၉၂** | **(-)၃,၀၄၈** | **(-)၄,၀၁၀** | **(-)၄,၁၂၈** |
| (ဃ) | **ဂျီဒီပီတန်ဖိုး** | **၆၆,၂၃၅** | **၇၃,၃၁၄** | **၈၁,၀၆၄** | **၉၁,၃၁၉** |
| (င) | **လိုငွေနှင့်ဂျီဒီပီအချိုး** | | | | |
| | Accounting Method အရ | ၁.၂၀ | ၄.၁၆ | ၄.၉၅ | ၄.၅၂ |
| | Analytical Method အရ | ၁.၀၉ | ၄.၃၇ | ၅.၉၄ | ၆.၁၁ |

၁၇။ **နောက်ဆက်တွဲ ဘတ်ဂျက်ခွင့်ပြုငွေ(SG)နှင့် ဘတ်ဂျက်ပိုလျှံငွေများ ပြန်လည်အပ်နှံခြင်း။** ၂၀၁၁-၂၀၁၂ ခု၊ ဘဏ္ဍာရေးနှစ်မှ ၂၀၁၅-၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ်အထိ နှစ်အလိုက် နောက်ဆက်တွဲ ဘတ်ဂျက်ခွင့်ပြုငွေနှင့် ဘတ်ဂျက်ပိုလျှံငွေများပြန်လည်အပ်နှံခြင်းတို့မှာ အောက်ပါအတိုင်းဖြစ်ကြောင်း တွေ့ရှိရပါ သည်-

**(ကျပ်ဘီလီယံ)**

| စဉ် | ဘဏ္ဍာရေးနှစ် | နောက်ဆက်တွဲ ဘတ်ဂျက်ခွင့်ပြုခြင်း | ဘတ်ဂျက်ပိုလျှံငွေအပ်နှံခြင်း | | |
|---|---|---|---|---|---|
| | | | အပ်နှံငွေ | အပ်နှံငွေမှ လွှဲပြောင်းသုံး | အသားတင် အပ်နှံငွေ |
| (က) | ၂၀၁၁-၂၀၁၂ | ၁၃၂၅ | ၁၃၇၇ | ၆၉၈ | ၆၇၉ |
| (ခ) | ၂၀၁၂-၂၀၁၃ | ၂၄၀၈ | ၂၆၇၀ | ၉ | ၂၆၆၁ |
| (ဂ) | ၂၀၁၃-၂၀၁၄ | ၁၄၇၀ | ၂၂၂၁ | ၃၃၁ | ၁၈၉၀ |
| (ဃ) | ၂၀၁၄-၂၀၁၅ | ၁၇၀၄ | ၄၂၀၅ | ၁၅၇၈ | ၂၆၂၇ |
| (င) | ၂၀၁၅-၂၀၁၆ | ၂၄၆၄ | ၂၀၈၇ | စာရင်းမရရှိသေးပါ | |
| (စ) | ၂၀၁၆-၂၀၁၇ | ၁၂၈၄ | စာရင်းမရရှိသေးပါ | | |

## နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ

၁၈။ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများကို စီးပွားရေးဆန်ဆန်ဆောင်ရွက်နိုင်ရန်နှင့် မိမိတို့၏ ငွေကြေးအင်အားအပေါ် မိမိတို့ရပ်တည်ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ငွေကြေးစီမံခန့်ခွဲမှုအစီအစဉ်သစ်ကို ချမှတ်ပြီး ၂၀၁၂-၂၀၁၃ ခု၊ ဘဏ္ဍာရေးနှစ်မှစတင်၍ ၎င်းတို့၏ကိုယ်ပိုင်ဘဏ္ဍာရန်ပုံငွေစာရင်း ထားရှိဆောင်ရွက်ခွင့်ပြုခဲ့ပါသည်။

၁၉။ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ဘဏ္ဍာရေးနှစ်အလိုက် အမြတ်အရှုံးအခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| | ဘဏ္ဍာရေးနှစ် | ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ် | | | ပြည်ထောင်စုဘဏ္ဍာ ရန်ပုံငွေအစီအစဉ်ပြင်ပ | | | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|
| | | အမြတ်ရရှိသည့် အဖွဲ့အစည်း | အရှုံးပေါ်သည့် အဖွဲ့အစည်း | ပေါင်း | အမြတ်ရရှိသည့် အဖွဲ့အစည်း | အရှုံးပေါ်သည့် အဖွဲ့အစည်း | ပေါင်း | |
| ၁ | ၂ | ၃ | ၄ | ၅(၃+၄) | ၆ | ၇ | ၈ (၆+၇) | ၉ (၅+၈) |
| (က) | ၂၀၁၃-၂၀၁၄ (အမှန်စာရင်း) | ၂၈ | ၁၀ | **၃၈** | ၃ | ၁ | ၄ | **၄၂** |
| (ခ) | ၂၀၁၄-၂၀၁၅ (အမှန်စာရင်း) | ၂၄ | ၁၁ | **၃၅** | ၃ | ၁ | ၄ | **၃၉** |
| (ဂ) | ၂၀၁၅-၂၀၁၆ (ရှေ့ပြေးအမှန်) | ၁၇ | ၁၁ | **၂၈** | ၄ | ၃ | ၇ | **၃၅** |
| (ဃ) | ၂၀၁၆-၂၀၁၇ (ပြုပြင်ပြီး) | ၁၈ | ၈ | **၂၆** | ၅ | ၁ | ၆ | **၃၂** |
| (င) | ၂၀၁၇-၂၀၁၈ (ခန့်မှန်းခြေ) | ၁၈ | ၈ | **၂၆** | ၆ | - | ၆ | **၃၂** |

၂၀။ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ အရအသုံးခန့်မှန်းခြေငွေစာရင်းနှင့် ကုန်သွယ်မှုအရှုံးအမြတ်စာရင်းအကျဉ်းချုပ်ကို အောက်ပါအတိုင်းတင်ပြအပ်ပါသည်-

(က) **အရအသုံးခန့်မှန်းခြေစာရင်း(ငွေသား)**

**(ကျပ်ဘီလီယံ)**

| **စဉ်** | **အကြောင်းအရာ** | **၂၀၁၄-၂၀၁၅ (အမှန်)** | **၂၀၁၅-၂၀၁၆ (အမှန်)** | **၂၀၁၆-၂၀၁၇ (ပြုပြင်ပြီး)** | **၂၀၁၇-၂၀၁၈ (မူလ)** |
|---|---|---|---|---|---|
| (၁) | **ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအတွင်း** | | | | |
| | ရငွေ | ၇,၉၂၆.၂၃၀ | ၆,၄၇၁.၈၆၃ | ၆,၂၉၄.၆၈၃ | ၅,၄၆၈.၈၃၄ |
| | သုံးငွေ | ၇,၃၆၈.၉၉၁ | ၆,၉၃၇.၄၀၄ | ၆,၈၃၅.၂၆၁ | ၆,၀၈၃.၅၃၁ |
| | ပိုငွေ(+)/လိုငွေ(-) | ၅၅၇.၂၃၉ | (-)၄၆၅.၅၄၁ | (-)၅၄၀.၅၇၈ | (-)၆၁၄.၆၉၇ |
| (၂) | **ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေပြင်ပ** | | | | |
| | ရငွေ | ၁၆၂.၁၁၄ | ၆၇၁.၆၂၄ | ၁,၂၃၆.၇၀၄ | ၁,၁၄၇.၀၃၅ |
| | သုံးငွေ | ၁၃၄.၆၅၁ | ၆၄၉.၃၃၀ | ၁,၂၅၃.၁၅၆ | ၁,၁၃၇.၁၁၈ |
| | ပိုငွေ(+)/လိုငွေ(-) | ၂၇.၄၆၃ | ၂၂.၂၉၄ | (-)၁၆.၄၅၂ | ၉.၉၁၇ |
| **စုစုပေါင်းပိုငွေ(+)/ လိုငွေ(-)** | | **၅၈၄.၇၀၂** | **(-)၄၄၃.၂၄၇** | **(-)၅၅၇.၀၃၀** | **(-)၆၀၄.၇၈၀** |

( ခ ) **ကုန်သွယ်မှု အရှုံး/အမြတ်စာရင်း**

**(ကျပ်ဘီလီယံ)**

| **စဉ်** | **အကြောင်းအရာ** | **၂၀၁၅-၂၀၁၆ (ရှေ့ပြေးအမှန်)** | **၂၀၁၆-၂၀၁၇ (ပြုပြင်ပြီး)** | **၂၀၁၇-၂၀၁၈ (မူလခန့်မှန်းခြေ)** |
|---|---|---|---|---|
| (၁) | **ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအတွင်း** | | | |
| | ဝင်ငွေ | ၆,၁၂၀.၁၄၈ | ၅,၈၄၉.၁၄၇ | ၅,၀၄၂.၉၁၃ |
| | အသုံးစရိတ် | ၄,၉၂၁.၀၇၇ | ၅,၀၆၆.၁၆၁ | ၄,၆၇၅.၉၃၀ |
| | အမြတ်(+)/အရှုံး(-) | ၁,၁၉၉.၀၇၁ | ၇၈၂.၉၈၆ | ၃၆၆.၉၈၃ |
| (၂) | **ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေပြင်ပ** | | | |
| | ဝင်ငွေ | ၆၃၂.၄၈၅ | ၉၆၇.၉၅၉ | ၉၈၈.၆၀၄ |
| | အသုံးစရိတ် | ၅၂၉.၈၀၄ | ၈၈၁.၇၅၆ | ၈၈၆.၄၃၆ |
| | အမြတ်(+)/အရှုံး(-) | ၁၀၂.၆၈၁ | ၈၆.၂၀၃ | ၁၀၂.၁၆၈ |
| **စုစုပေါင်းအမြတ်(+)/ အရှုံး(-)** | | **(+)၁,၃၀၁.၇၅၂** | **(+)၈၉၆.၁၈၉** | **(+)၄၉၆.၁၅၁** |

၂၁။ ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေစာရင်းအရ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းပေါင်း(၃၂)ခုရှိပြီး အမြတ်ရရှိသည့်အဖွဲ့အစည်း (၂၄)ခုနှင့် အရှုံးဖြစ်ပေါ်သည့် အဖွဲ့အစည်း (၈)ခုရှိရာ အရှုံးဖြစ်ပေါ်သည့်အဖွဲ့အစည်းများအနက် လျှပ်စစ်ဓါတ်အားထုတ်လုပ်ရေးလုပ်ငန်းသည် ပြည်သူများ သက်သာချောင်ချိစေရေးအတွက် အရှုံးခံဆောင်ရွက်နေသော အဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။ အရှုံးဖြစ်ပေါ်နေသည့် အဖွဲ့အစည်း(၈)ခုမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(ကျပ်ဘီလီယံ)

| စဉ် | အဖွဲ့အစည်းအမည် | ဝင်ငွေ | အသုံးစရိတ် | အရှုံး(-) |
|---|---|---|---|---|
| | **ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး** | | | |
| (က) | ပြည်တွင်းရေကြောင်းပို့ဆောင်ရေး | ၅.၇၂၆ | ၁၃.၈၀၂ | (-)၈.၀၇၆ |
| (ခ) | မြန်မာ့မီးရထား | ၇၁.၀၀၀ | ၁၅၀.၁၉၆ | (-)၇၉.၁၉၆ |
| (ဂ) | ကုန်းလမ်းပို့ဆောင်ရေး | ၁၁.၅၆၇ | ၁၃.၃၂၉ | (-)၁.၇၆၂ |
| (ဃ) | မြန်မာ့စာတိုက်လုပ်ငန်း | ၁၀.၉၄၁ | ၂၂.၁၈၀ | (-)၁၁.၂၃၉ |
| | **လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန** | | | |
| (င) | လျှပ်စစ်ဓါတ်အားထုတ်လုပ်ရေးလုပ်ငန်း | ၁,၀၁၂.၆၇၅ | ၁,၄၄၀.၉၆၉ | (-)၄၂၈.၂၉၄ |
| | **စက်မှုဝန်ကြီးဌာန** | | | |
| (စ) | အမှတ်(၁)အကြီးစားလုပ်ငန်း | ၄၉.၂၈၆ | ၇၆.၀၉၂ | (-)၂၆.၈၀၆ |
| (ဆ) | အမှတ်(၂)အကြီးစားလုပ်ငန်း | ၃၄.၄၇၆ | ၄၄.၆၃၈ | (-)၁၀.၁၆၂ |
| (ဇ) | အမှတ်(၃)အကြီးစားလုပ်ငန်း | ၂၆.၄၄၂ | ၆၁.၆၇၄ | (-)၃၅.၂၃၂ |
| | **စုစုပေါင်း** | **၁၂၂၂.၁၁၃** | **၁၈၂၂.၈၈၀** | **(-)၆၀၀.၇၆၇** |

၂၂။ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းကို မူလမြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းနှင့် ရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်း(၂)ခုကို ၂၀၁၆-၂၀၁၇ ခုနှစ်တွင် ပူးပေါင်းဖွဲ့စည်းခဲ့ပြီး ၎င်းလုပ်ငန်း၏ ဝင်ငွေ၊ အသုံးစရိတ်နှင့် အရှုံးအမြတ်အခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(ကျပ်ဘီလီယံ)

| စဉ် | ဘဏ္ဍာရေးနှစ် | ဝင်ငွေ | အသုံးစရိတ် | အမြတ်(+)/အရှုံး(-) |
|---|---|---|---|---|
| (က) | ၂၀၁၅-၂၀၁၆ (ရှေ့ပြေးအမှန်) | ၈၄၆.၄၉၇ | ၁၃၀၄.၄၁၈ | (-)၄၅၇.၉၂၁ |
| (ခ) | ၂၀၁၆-၂၀၁၇(RE) | ၁၀၃၃.၄၆၈ | ၁၄၂၀.၅၂၈ | (-)၃၆၇.၀၆၀ |
| (ဂ) | ၂၀၁၇-၂၀၁၈(BE) | ၁၀၁၂.၆၇၅ | ၁၄၄၀.၉၆၉ | (-)၄၂၈.၂၉၄ |

၂၃။ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၏ တစ်နိုင်ငံလုံး ဓာတ်အားသုံးစွဲမှု၊ အိမ်သုံးဓာတ်အားသုံးစွဲမှု၊ လျှပ်စစ်ဓာတ်အားသုံးစွဲမှု၊ ဓာတ်အားရောင်းရငွေနှင့် လူတစ်ဦးတစ်နှစ်သုံးစွဲယူနစ်နှင့် ဓာတ်အားတစ်ယူနစ် ပျမ်းမျှရှုံးငွေတို့ကို အောက်ပါအတိုင်းဖော်ပြအပ်ပါသည်-

| စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၄-၂၀၁၅ | ၂၀၁၅-၂၀၁၆ | ၂၀၁၆-၂၀၁၇ (ဒီဇင်ဘာအထိ) |
|---|---|---|---|---|---|
| (က) | **ဓာတ်အားသုံးစွဲမှုယူနစ်** | | | | |
| | တစ်နိုင်ငံလုံးဓာတ်အားသုံးစွဲမှု | ယူနစ်သန်း | ၁၁,၄၀၆.၇၆၀ | ၁၃,၅၅၀.၈၁၀ | ၁၁,၄၇၃.၃၉၃ |
| | အိမ်သုံးဓာတ်အားသုံးစွဲမှု | ယူနစ်သန်း | ၅,၄၄၈.၅၃၁ | ၆,၉၀၉.၇၅၇ | ၆,၈၁၁.၉၁၈ |
| | အိမ်သုံးယူနစ် (%) | ရာခိုင်နှုန်း | ၄၇.၇၇ % | ၅၀.၉၉ % | ၅၉.၃၇ % |

| စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၄-၂၀၁၅ | ၂၀၁၅-၂၀၁၆ | ၂၀၁၆-၂၀၁၇ (ဒီဇင်ဘာအထိ) |
|---|---|---|---|---|---|
| (ခ) | **ဓာတ်အားရောင်းရငွေ** | | | | |
| | တစ်နိုင်ငံလုံးဓာတ်အားရောင်းရငွေ | ကျပ်သန်း | ၈၃၄,၄၂၀.၆၉၅ | ၉၅၂,၁၀၃.၈၉၉ | ၇၈၅,၄၅၆.၁၄၇ |
| | အိမ်သုံးဓာတ်အားရောင်းရငွေ | ကျပ်သန်း | ၂၆၂,၅၈၈.၇၆၇ | ၁၁၇,၆၆၈.၈၇၃ | ၂၅၉,၅၂၁.၁၄၁ |
| | အိမ်သုံးဓာတ်အားရောင်းရငွေ(%) | ရာခိုင်နှုန်း | ၁၀.၄၇% | ၁၂.၁၀% | ၁၃.၀၄% |
| (ဂ) | လူတစ်ဦးတစ်နှစ်သုံးစွဲယူနစ်(ပျမ်းမျှ) | ယူနစ် | ၂၂၄ | ၂၆၆ | ၂၂၅ |
| (ဃ) | ဓာတ်အားတစ်ယူနစ်ပျမ်းမျှရောင်းဈေး | ကျပ် | - | ၇၀.၄၂ | ၆၉.၁၇ |
| (င) | ဓာတ်အားတစ်ယူနစ်ပျမ်းမျှကုန်ကျစရိတ် | ကျပ် | - | ၉၄.၅၆ | ၈၉.၁၉ |
| (စ) | ဓာတ်အားတစ်ယူနစ် ပျမ်းမျှအရှုံး | ကျပ် | - | (-)၂၄.၁၄ | (-)၂၀.၂၂ |

၂၄။ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများသည် အများပြည်သူများနည်းတူ အခွန်ထမ်းဆောင်ရသောအဖွဲ့အစည်းများဖြစ်ပြီး အမြတ်ရရှိပါက အမြတ်၏ ၂၀ ရာခိုင်နှုန်းကို နိုင်ငံတော်သို့ ထည့်ဝင်ငွေအဖြစ် ပေးဆောင်ကြရပါသည်။ ၎င်းအဖွဲ့အစည်းများ၏ အခွန်ထမ်းဆောင်မှုနှင့် နိုင်ငံတော်ထည့်ဝင်ငွေကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

**(ကျပ်ဘီလီယံ)**

| စဉ် | အကြောင်းအရာ | ၂၀၁၄-၂၀၁၅ (ရှေ့ပြေးအမှန်) | ၂၀၁၅-၂၀၁၆ (ရှေ့ပြေးအမှန်) | ၂၀၁၆-၂၀၁၇ (ပြုပြင်ပြီး) | ၂၀၁၇-၂၀၁၈ (မူလ) |
|---|---|---|---|---|---|
| (က) | ကုန်သွယ်လုပ်ငန်းခွန် | ၄၅၉.၄၁၈ | ၁၆၂.၂၉၃ | ၅၉၂.၈၈၁ | ၂၈၂.၅၁၇ |
| (ခ) | အထူးကုန်စည်ခွန် | - | - | ၈.၀၉၃ | ၂၅၃.၀၀၁ |
| (ဂ) | ဝင်ငွေခွန် | ၆၇၂.၈၂၁ | ၆၈၄.၇၆၄ | ၆၀၅.၅၅၉ | ၁၁၃.၅၆၀ |
| (ဃ) | နိုင်ငံတော်သို့ထည့်ဝင်ငွေများ | ၅၁၇.၉၈၅ | ၅၉၇.၀၀၆ | ၁၄၅.၂၄၃ | ၂၉၃.၄၁၇ |
| | **စုစုပေါင်း** | **၁,၆၇၀.၂၂၄** | **၁,၆၄၄.၀၆၃** | **၁,၅၅၁.၇၇၆** | **၁,၁၄၂.၅၁၅** |

**မြန်မာနိုင်ငံ၏ လက်ရှိစီးပွားရေးအခြေအနေနှင့်စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့၏ သုံးသပ်ချက်နှင့်အကြံပြုချက်များကို ကောက်နှုတ်တင်ပြခြင်း**

၂၅။ အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့(International Monetary Fund) ၏ IMF Country Report No. 17/30 အရ မြန်မာနိုင်ငံ၏ လက်ရှိစီးပွားရေးအခြေအနေနှင့်စပ်လျဉ်း၍ သုံးသပ်ချက်ကို အောက်ပါအတိုင်း ကောက်နှုတ်ဖော်ပြအပ်ပါသည်-

C:\Users\myothandarkhaing\Desktop\4-2017\for PDF\(4-2017)Budget Report.docx

(က) စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှုန်း တိုးတက်လျက်ရှိပါသည်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၏ ပထမနှစ်ဝက်တွင် တိုးတက်မှုနှုန်း နှေးကွေးခဲ့သော်လည်း နောက်ပိုင်းတွင် ပြန်လည်ဦးမော့လာမည်ဟု ခန့်မှန်းသည်။

| စဉ် | ဘဏ္ဍာရေးနှစ် | GDP တိုးတက်မှုနှုန်း(%) | |
|---|---|---|---|
| | | လက်ရှိ | IMF ၏ ခန့်မှန်းချက် |
| (၁) | ၂၀၁၃-၂၀၁၄(အမှန်) | ၈.၄ | ၈.၄ |
| (၂) | ၂၀၁၄-၂၀၁၅(အမှန်) | ၈.၀ | ၈.၀ |
| (၃) | ၂၀၁၅-၂၀၁၆(ရှေ့ပြေးအမှန်) | ၇.၃ | ၇.၃ |
| (၄) | ၂၀၁၆-၂၀၁၇(နှစ်ကုန်ခန့်မှန်းခြေ) | ၅.၇ | ၆.၃ |
| (၅) | ၂၀၁၇-၂၀၁၈(မူလခန့်မှန်းခြေ) | ၇.၀ | ၇.၅ |

(ခ) ငွေကြေးဖောင်းပွမှုနှုန်းသည် ၂၀၁၅-၂၀၁၆ ခုနှစ်နှင့်နှိုင်းယှဉ်ပါက သိသိသာသာကျဆင်းခဲ့သော်လည်း ပျမ်းမျှ (၇) ရာခိုင်နှုန်းဖြင့် ဆက်လက်တည်ရှိနေပါသည်-

| စဉ် | ဘဏ္ဍာရေးနှစ် | ငွေကြေးဖောင်းပွမှုနှုန်း(%) | |
|---|---|---|---|
| | | လက်ရှိ | IMF ၏ခန့်မှန်းချက် |
| (၁) | ၂၀၁၃-၂၀၁၄(အမှန်) | ၆.၃ | ၆.၃ |
| (၂) | ၂၀၁၄-၂၀၁၅(အမှန်) | ၇.၄ | ၇.၄ |
| (၃) | ၂၀၁၅-၂၀၁၆(ရှေ့ပြေးအမှန်) | ၁၀.၇ | ၁၀.၇ |
| (၄) | ၂၀၁၆-၂၀၁၇(နှစ်ကုန်ခန့်မှန်းခြေ) | ၈.၃ | ၁၀.၄ |
| (၅) | ၂၀၁၇-၂၀၁၈(မူလခန့်မှန်းခြေ) | ၇.၉ | ၈.၉ |

* (Base Year 2006)

(ဂ) နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းများ ကျဆင်းလာခြင်းနှင့် အသုံးစရိတ်များ မြင့်တက်လာခြင်းတို့ကြောင့် ၂၀၁၅-၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ်၏ လိုငွေမြင့်တက်ခဲ့ပြီး ဗဟိုဘဏ်မှ လိုငွေဖြည့်ဆည်းပေးရသည့် အခြေအနေသည် ၂၀၁၅-၂၀၁၆ ခုနှစ်တွင် သိသိသာသာ မြင့်တက်ခဲ့ခြင်းကလည်း ငွေကြေးဖောင်းပွမှုကိုနှိုးဆွခဲ့ပါသည်-

**(၁) နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းများမှရငွေများကျဆင်းလာခြင်း**

| ဘဏ္ဍာရေးနှစ် | SEEများ၏ ပိုငွေ(+)/လိုငွေ(-) | အခွန်ရရှိငွေ | နိုင်ငံတော်သို့ ထည့်ဝင်ငွေ |
|---|---|---|---|
| ၂၀၁၄-၂၀၁၅(ရှေ့ပြေးအမှန်) | ၅၈၄.၇၀၂ | ၁,၁၃၂.၂၃၉ | ၅၃၇.၉၈၅ |
| ၂၀၁၅-၂၀၁၆(ရှေ့ပြေးအမှန်) | (-)၄၄၃.၂၄၇ | ၁,၀၄၇.၀၅၇ | ၅၉၇.၀၀၆ |
| ၂၀၁၆-၂၀၁၇(ပြုပြင်ပြီး) | (-)၅၅၇.၀၃၀ | ၁,၂၀၆.၅၃၃ | ၃၄၅.၂၄၃ |
| ၂၀၁၇-၂၀၁၈(မူလခန့်မှန်းခြေ) | (-)၆၀၄.၇၈၀ | ၈၄၉.၀၇၈ | ၂၉၃.၄၃၇ |

**(၂) ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေစာရင်းအရ သုံးငွေမြင့်တက်လာမှုနှင့် လိုငွေဖြစ်ပေါ်မှု**

**(ကျပ်ဘီလီယံ)**

| ဘဏ္ဍာရေးနှစ် | ရငွေ | သုံးငွေ | ပိုငွေ(+)/ လိုငွေ(-) | လိုငွေနှင့် ဂျီဒီပီအချိုး |
|---|---|---|---|---|
| ၂၀၁၄-၂၀၁၅ | ၁၆,၈၀၈ | ၁၇,၆၀၁ | (-)၇၉၂ | ၁.၂၀ |
| ၂၀၁၅-၂၀၁၆ | ၁၆,၆၀၇ | ၁၉,၆၅၅ | (-)၃,၀၄၈ | ၄.၁၆ |
| ၂၀၁၆-၂၀၁၇(ပြုပြင်ပြီး) | ၁၇,၀၉၅ | ၂၁,၁၀၅ | (-)၄,၀၁၀ | ၄.၉၅ |
| ၂၀၁၇-၂၀၁၈ (မူလခန့်မှန်းခြေ) | ၁၆,၇၆၈ | ၂၀,၈၉၆ | (-)၄,၁၂၈ | ၄.၅၂ |

**(၃) နိုင်ငံတော်စာရင်းလိုငွေအား အသားတင်ဖြည့်ဆည်းပေးခြင်း**

**(ကျပ်ဘီလီယံ)**

| ဘဏ္ဍာရေးနှစ် | ပြည်သူလူထုထံ ရောင်းချခြင်း | | ဗဟိုဘဏ်မှ ချေးယူခြင်း (ငွေတိုက်လက်မှတ်) | စုစုပေါင်း |
|---|---|---|---|---|
| | ငွေတိုက်စာချုပ် | ငွေတိုက်လက်မှတ် | | |
| ၂၀၁၁-၂၀၁၂ | ၅၂၇ | - | ၁,၁၃၀ | ၁,၆၅၇ |
| ၂၀၁၂-၂၀၁၃ | ၁၉၅ | - | ၆၉၁ | ၈၈၆ |
| ၂၀၁၃-၂၀၁၄ | ၇၇၀ | - | ၄၂၀ | ၁,၁၉၀ |
| ၂၀၁၄-၂၀၁၅ | ၉၇ | ၁၀၈ | ၂၆၈ | ၄၇၃ |
| ၂၀၁၅-၂၀၁၆ | (-)၂၈၆ | ၅၅၇ | ၂,၉၆၆ | ၃,၂၃၇ |
| ၂၀၁၆-၂၀၁၇(နိုဝင်ဘာလအထိ) | * **၃၁၉** | ၄၇၃ | (-)၅၂၆ | ၂၆၆ |

*** အစိုးရငွေတိုက်စာချုပ် လေလံတင်စနစ်ဖြင့် ရောင်းချခြင်း**

၂၆။ အထက်ပါအခြေအနေများအရ မြန်မာနိုင်ငံ၏ မက်ခရိုစီးပွားရေးအခြေအနေ ဘက်မညီမှုများ ဆက်လက်ဖြစ်ပေါ်လျက်ရှိသောကြောင့် ပြုပြင်ဆောင်ရွက်သင့်သည့် အကြံပြုချက်များကို ကောက်နုတ်တင်ပြအပ်ပါသည်-

(က) ဘဏ္ဍာရေးအခင်းအကျင်း မှန်ကန်စေရေးအတွက် ဘဏ္ဍာရေးညီမျှမှုကို ဆက်လက်ဆောင်ရွက်ရန် ကာလလတ်တွင် ဘတ်ဂျက်လိုငွေကို ဂျီဒီပီ၏ ၄.၅ % ဝန်းကျင်ရှိနေစေရန်၊

(ခ) ဘတ်ဂျက်လိုငွေအတွက် ဗဟိုဘဏ်မှ ဖြည့်ဆည်းပေးခြင်းကို လျှော့ချဆောင်ရွက်နေသည့် အရှိန်အဟုန်ကို ပိုမိုတိုးမြှင့်ဆောင်ရွက်ရန်၊

(ဂ) ငွေပိုများအားနုတ်သိမ်းနိုင်ရန်အတွက် အပ်ငွေလေလံများကို တိုးတက်လုပ်ဆောင်ရန်၊

(ဃ) **ရငွေတိုးတက်ရရှိအောင် ဆောင်ရွက်ခြင်း**

(၁) အခွန်ကင်းလွတ်ခွင့်နှင့် ရင်းနှီးမြှုပ်နှံမှုမက်လုံးများကို ကျိုးကြောင်းဆီလျော်မှုရှိအောင် ဆောင်ရွက်ရန်၊ ပြည်ထောင်စုအဆင့်အနေဖြင့် အခွန်အတွက် အသုံးစရိတ်ကို ပိုမိုထင်သာမြင်သာသိရှိစေရန် နှစ်စဉ်အရအသုံးခန့်မှန်းခြေငွေစာရင်းတွင် ဖော်ပြသွားရန်၊

(၂) အခွန်စနစ်၏ သိက္ခာနှင့်ပုံရိပ်တို့ကို ထိန်းထားနိုင်ရန် လာဘ်ပေးလာဘ်ယူ တိုက်ဖျက်ရေးနည်းလမ်းများကို စတင်ဆောင်ရွက်ရန်၊

(၃) အခွန်ထမ်းဆိုင်ရာဝန်ဆောင်မှု စွမ်းဆောင်ရည်မြှင့်တင်နိုင်ရန် ကျွမ်းကျင် ဝန်ထမ်းများ ပိုမိုခန့်အပ်ရန်၊

(၄) စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အခွန်၏အရေးပါမှုကို ပြည်သူလူထုအား စဉ်ဆက်မပြတ် ပညာပေးခြင်းလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်သွားရန်၊

( င) **အသုံးစရိတ်များစီမံခန့်ခွဲခြင်း**

(၁) အရေးကြီးသော အခြေခံအဆောက်အဦ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပညာရေး၊ ကျန်းမာရေးစသည့် လူမှုရေးရာဝန်ဆောင်မှုအသုံးစရိတ်များကို ပိုမို ဦးစားပေး ဆောင်ရွက်ရန်၊

(၂) ကာလလတ် ဘဏ္ဍာရေးမူဘောင်ကို ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ရန်၊ သာမန်နှင့် ငွေလုံးငွေရင်းအသုံးစရိတ်များကို စောင့်ကြည့်အစီရင်ခံခြင်းများ ဆောင်ရွက်ကာ ငွေသားစီမံခန့်ခွဲမှုစနစ် ပိုမိုကောင်းမွန်လာအောင်ပြုလုပ်ခြင်း၊

(၃) သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ ထိလွယ်ရှလွယ်ဖြစ်နေချိန်တွင် အရေးပေါ် အသုံးစရိတ်များအတွက် သီးသန့်ရန်ပုံငွေ ခွဲဝေချထားပေးရန်။

**စိစစ်ရေးပူးပေါင်းအဖွဲ့များ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်များကို ကောက်နုတ်တင်ပြခြင်း**

၂၇။ **စိစစ်ရေးပူးပေါင်းအဖွဲ့ (၆)** ။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ် တို့နှင့် ဘတ်ဂျက်များစိစစ်ရာတွင် အောက်ပါအတိုင်းအကြံပြုလာပါသည်-

(က) ဘတ်ဂျက်အသုံးစရိတ်များ ပြင်ဆင်ရေးဆွဲရာတွင်လည်းကောင်း၊ တင်ပြတောင်းခံ ရာတွင်လည်းကောင်း၊ စိစစ်ခွင့်ပြုရာတွင်လည်းကောင်း၊ နိုင်ငံတော်၏ချမှတ်ထားသော ဘဏ္ဍာရေးမူဝါဒ၊ အသုံးစရိတ်မူဝါဒများနှင့် ကိုက်ညီမှုရှိအောင် အလေးအနက်ထား ဆောင်ရွက်သင့်ပါသည်။

(ခ) တည်ဆောက်ရေး လုပ်ငန်းများအတွက် ဒေသအလိုက်၊ လုပ်ငန်းအမျိုးအစားအလိုက်၊ PAE Rate (Plinth Area Estimate) အညွှန်းနှုန်းထားများ တစ်ပြေးညီ သတ်မှတ် ထိန်းညှိပေးသင့်ပါသည်။

(ဂ) အမျိုးအစားတူ ရုံးသုံးပရိဘောဂများ၊ နည်းပညာအထောက်အကူပြု ပစ္စည်းများ၏ ဈေးနှုန်းများကိုလည်း တစ်ပြေးညီဖြစ်စေရန် အညွှန်းနှုန်းထားများ သတ်မှတ်ထိန်းညှိ ပေးသင့်ပါသည်။

(ဃ) အစိုးရဝန်ကြီးဌာနများအောက်ရှိ ဦးစီးဌာနအသီးသီးသို့ ယာဉ်အို၊ ယာဉ်ဟောင်းများ ဖြန့်ဝေခွဲပေးခြင်းကြောင့် မော်တော်ယာဉ်ပြင်ဆင်ထိန်းသိမ်းစရိတ်များ နှစ်စဉ် အဆမတန် တင်ပြတောင်းခံနေမှုများကို အရေးတကြီး ပြန်လည်သုံးသပ်ပြီး ခိုင်မာအားကောင်းသော မူဝါဒတစ်ရပ်ချမှတ်ကာ စီမံဆောင်ရွက်သင့်ပါသည်။

(င) စုစုပေါင်းဘတ်ဂျက်၏ (၇၀) ရာခိုင်နှုန်းခန့်ရှိသော သာမန်ရငွေနှင့် အသုံးစရိတ် စာရင်းအား လာမည့်နှစ်များတွင် သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့် ပိုမို ပြည့်စုံအောင် တင်ပြသင့်ပါသည်။

၂၈။ **စိစစ်ရေးပူးပေါင်းအဖွဲ့ (၈)။** ပညာရေးဝန်ကြီးဌာနကို စိစစ်ခဲ့ရာတွင် အောက်ပါအတိုင်း အကြံပြုလာပါသည်-

(က) ဝန်ထမ်းခန့်ထားမှုတွင် ဖွဲ့စည်းပုံအပြည့်ခန့်ထားရန် တောင်းခံလာမှုထက် ရှိရင်းစွဲ အင်အားနှင့် လုပ်ငန်းသဘာဝလိုအပ်ချက်အရ အမှန်တကယ်လိုအပ်သော ဦးရေကို တောင်းခံသင့်ပါသည်။

(ခ) ဆောက်လုပ်ရေးလုပ်ငန်းများတွင် အမှန်တကယ်ကုန်ကျမည့် PAE နှုန်းထားများထက် ပိုမိုတောင်းခံမှုများကို ဝန်ကြီးဌာနအနေဖြင့် စနစ်တကျစိစစ်ရန် အကြံပြုလိုပါသည်။

(ဂ) စက်ပစ္စည်းနှင့် ပရိဘောဂများ တင်ပြတောင်းခံရာတွင် အရေအတွက် သာသာထိုးထိုး တောင်းခံမည့်အစား လက်ရှိအနေထားနှင့် လုပ်ငန်းတိုးချဲ့မှုအတွက် မဖြစ်မနေ လိုအပ်သော အရေအတွက်ကိုသာ တောင်းခံသင့်ပါသည်။

၂၉။ **စိစစ်ရေးပူးပေါင်းအဖွဲ့ (၉)။** ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်းနှင့် ၂၀၁၇ ခုနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းတို့နှင့်စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနကို စိစစ်ခဲ့ရာတွင် သုံးသပ်အကြံပြုချက်နှင့် သဘောထားမှတ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) စက်ပစ္စည်းများဝယ်ယူရာတွင် Specifications နှင့် ခန့်မှန်းဈေးနှုန်းများ လိုက်လျော ညီထွေဖြစ်အောင်နှင့် ငွေလုံးငွေရင်းအသုံးစရိတ် စက်ပစ္စည်းခေါင်းစဉ်အောက်မှ ကျပ်သန်းပေါင်း ၁,၃၁၅.၆၃၁၊ (၁.၁၈) ရာခိုင်နှုန်း စိစစ်လျှော့ချထားပါသည်။

(ခ) ဖွဲ့စည်းပုံအဆိုပြုချက်မရရှိသေးသော အသစ်ဆောက်လုပ်မည့် ကျေးလက်ကျန်းမာရေး ဌာနခွဲ၊ အဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာတို့အတွက် ဆောက်လုပ်ရေးမှ ကျပ်သန်းပေါင်း ၅၃၅.၂၅၀၊ (၀.၂၂)ရာခိုင်နှုန်း စိစစ်လျှော့ချထားပါသောကြောင့် ငွေလုံးငွေရင်းအသုံးစရိတ် စုစုပေါင်းကျပ်သန်း ၁,၈၅၀.၈၈၁၊ (၀.၅)ရာခိုင်နှုန်း စိစစ်လျှော့ချခဲ့ပါသည်။

(ဂ) အကြီးစားစက်ပစ္စည်းများဝယ်ယူရာတွင် ခန့်မှန်းဈေးနှုန်းများအဖြစ် ဘောင်ချာများ ပူးတွဲတင်ပြသင့်ပါသည်။

(ဃ) ဘဏ္ဍာငွေခွင့်ပြုချက်များပေးပြီး လုပ်ငန်းဆောင်ရွက်မှု၊ ဘဏ္ဍာငွေသုံးစွဲမှုများ နှစ်လည် ဆန်းစစ်ခြင်းအတွက် Midterm Review ဆောင်ရွက်သင့်ပါသည်။

(င) စီမံ/ဘဏ္ဍာမှ ချမှတ်ပေးသည့် ရသုံးခန့်မှန်းခြေစာရင်းမူဘောင်မှာ သာမန်နှင့်ငွေလုံးငွေရင်းကို သီးခြားစီသတ်မှတ်ပေးခြင်းမဟုတ်ဘဲ စုစုပေါင်းမူဘောင်သာ သတ်မှတ်ပေးပြီး သက်ဆိုင်ရာ ဝန်ကြီးဌာန၏လုပ်ငန်းလိုအပ်ချက်အရ သာမန်နှင့်ငွေလုံးငွေရင်း အချိုးမူဘောင်ဖြင့် သတ်မှတ်လျာထားဆောင်ရွက်သင့်ပါသည်။

(စ) ဘတ်ဂျက်စစ်ဆေးခြင်းကို နှစ်ဝက်ဆန်းစစ်ခြင်း၊ Biannual Assessment ပြုလုပ်သင့်ပါသည်။

(ဆ) ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်တွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ အသုံးစရိတ်ခွဲဝေလျာထားမှုအပေါ် ငွေလုံးငွေရင်းအသုံးစရိတ် စုစုပေါင်း ကျပ်သန်း ၁,၈၅၀.၈၈၁၊ (၀.၅) ရာခိုင်နှုန်း စိစစ်လျှော့ချထားပါသည်။

၃၀။ **စိစစ်ရေးပူးပေါင်းအဖွဲ့(၁၀)။** ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်းနှင့် ၂၀၁၇ ခုနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းတို့နှင့်စပ်လျဉ်း၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနကို စိစစ်ခဲ့ရာတွင် အကြံပြုချက်များမှာ-

(က) သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအနေဖြင့် သယံဇာတများ ထုတ်ယူပြီး နိုင်ငံ့ဘဏ္ဍာငွေကို နှစ်ပေါင်းများစွာ ရှာဖွေဖြည့်ဆည်းခဲ့သော်လည်း လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေး၊ သုတေသနလုပ်ငန်းများနှင့် သစ်တောစိုက်ခင်း ပြုစုပျိုးထောင်ရေးလုပ်ငန်းများတွင် ရန်ပုံငွေခွဲဝေချထားပေးမှု နည်းပါးခဲ့ပါသည်။ ယခင်အစီရင်ခံစာများအပေါ် အကြံပြုချက်များအရ ယခုအခါ သစ်တောစိုက်ခင်းများ ပြုစုပျိုးထောင်ရန် စီမံကိန်းချမှတ် အကောင်အထည်ဖော်လာကြောင်း တွေ့ရှိရပါသည်။

(ခ) သို့ရာတွင် တွင်းထွက်နှင့် သတ္တုကဏ္ဍဖွံ့ဖြိုးရေးအတွက် စူးစမ်းရှာဖွေလေ့လာခြင်း၊ ဘူမိဗေဒမြေပုံများ တိုးချဲ့ရေးဆွဲခြင်း၊ သုတေသနဓာတ်ခွဲခန်းများ တည်ထောင်ခြင်း၊ သုတေသနစီမံချက်များ ချမှတ်ရန်တို့မှာ အားနည်းနေပါသည်။ ယင်းကဏ္ဍများတွင် စီမံကိန်းများရေးဆွဲပြီး နောင်လာမည့်ဘဏ္ဍာနှစ်များတွင် ရန်ပုံငွေတိုးချဲ့ချထားပေးသင့်ကြောင်း အကြံပြုအပ်ပါသည်။

၃၁။ **စိစစ်ရေးပူးပေါင်းအဖွဲ့(၁၂)။** ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ စက်မှုဝန်ကြီးဌာနနှင့်ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနတို့ကို စိစစ်ခဲ့ရာတွင် လေ့လာတွေ့ရှိချက်နှင့် အကြံပြုချက်များမှာ-

(က) စီမံကိန်းလုပ်ငန်းသစ်များ (ဆောက်လုပ်ရေး၊ စက်ပစ္စည်းတပ်ဆင်ရေး) တင်ပြတောင်းခံရာတွင် အများအားဖြင့်ခန့်မှန်းတန်ဖိုး (PAE) ဖြင့်သာတွေ့ရပြီး ဒီဇိုင်းနှင့် Estimated Cost များကို ဘတ်ဂျက်လျာထားပြီးမှသာ ဆောင်ရွက်ရမည်ဖြစ်ကြောင်း တွေ့ရှိရပါသည်။ ဖြစ်သင့်သည်မှာ လုပ်ငန်း၏ ဒီဇိုင်းနှင့် အသေးစိတ်တွက်ချက်မှုများကို

ဦးစွာဆောင်ရွက်ရမည်ဖြစ်ပြီး ဒေသပေါက်ဈေး၊ လုပ်ငန်းကြီးကြပ်မှုစရိတ်၊ အရည်အသွေး စစ်ဆေးမှုစရိတ်များပေါင်း၍ အနီးစပ်ဆုံးကုန်ကျငွေကို တင်ပြတောင်းခံသင့်ပါသည်။

(ခ) ငွေလုံးငွေရင်းအသုံးစရိတ်ခေါင်းစဉ်အောက်တွင် စက်ပစ္စည်းများ၊ ရုံးသုံးပစ္စည်းများ ဝယ်ယူရာတွင် ဈေးနှုန်းအဆိုပြုလွှာများကိုတောင်းဆို၍ ဈေးကွက်ပေါက်ဈေးနှင့် အနီးစပ်ဆုံး တွက်ချက်၍ တောင်းခံသင့်ပါသည်။

(ဂ) အသုံးစရိတ်တောင်းခံငွေများ အမှန်တကယ်ကုန်ကျငွေနှင့် နီးစပ်စေရန် မျှတသော တင်ဒါစည်းမျဉ်း၊ စည်းကမ်းများကို လွတ်လပ်စွာယှဉ်ပြိုင်ဆောင်ရွက်နိုင်စေမည့် နည်းလမ်းများ၊ တင်ဒါဆောက်လုပ်ရေး၊ ပစ္စည်းဝယ်ယူရေးစနစ်များကိုလည်း ပွင့်လင်းမြင်သာစွာ ဆောင်ရွက်သွားသင့်ပါသည်။

(ဃ) နိုင်ငံပိုင်စက်ရုံများအနေဖြင့် လုပ်ငန်းများမလည်ပတ်နိုင်သောစက်ရုံများ၏ အထွေထွေ ပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းများအပေါ် ခန့်မှန်းပြီးသာ ငွေလုံးငွေရင်းအသုံးစရိတ်တွင် တောင်းခံထားသဖြင့် အသေးစိတ် တိုင်းတာတွက်ချက်မှုများဖြင့်သာ တောင်းခံသင့်ပါသည်။

(င) ဆောင်ရွက်ဆဲလုပ်ငန်းများ(မြင်းခြံနှင့်ပင်းပက်သံမဏိစက်ရုံ)တွင် အချိန်ကာလအပေါ် စီမံကိန်း၏အကျိုးအမြတ်တွက်ချက်မှု၊ စီမံကိန်းလုပ်ငန်းအသေးစိတ်၊ ဘဏ္ဍာငွေစီမံ ခန့်ခွဲမှုများ စနစ်တကျတွက်ချက်ပြီးမှသာ အသုံးစရိတ်တောင်းခံသင့်ပါသည်။ ထိုသံမဏိ စက်ရုံများအပေါ် နိုင်ငံတော်အနေဖြင့် မူဝါဒများ၊ စီမံကိန်းများ ပြန်လည်ရေးဆွဲ၍ လျင်မြန်စွာဆုံးဖြတ်ဆောင်ရွက်ရန် လိုအပ်နေပါသည်။

(စ) အသွင်ပြောင်းရန်ဆောင်ရွက်နေသောလုပ်ငန်းများ (သထုံစက်မှုဇုံ၊ သာပေါင်းပျော့ဖတ်နှင့် စက္ကူစက်ရုံ)တွင် လုပ်ငန်းအသေးစိတ်နှင့် ဘဏ္ဍာရေးစီမံချက်၊ အကောင်အထည်ဖော်မည့် အချိန်ကာလစီမံချက်များ(Master Plan)ရေးဆွဲ၍ အဆင့်အလိုက် စီမံကိန်းများ အတွက် စနစ်တကျငွေကြေးသုံးစွဲရန်လိုအပ်ပါသည်။

(ဆ) ပင်းပက်၊ မြင်းခြံသံမဏိစက်ရုံများတွင် ဆောက်လုပ်ရေးလုပ်ငန်းများ (Civil Works, Erection Works, Installation Works, လျှပ်စစ်မီးသွယ်တန်းခြင်း၊ ရေပိုက် ဆက်သွယ်ခြင်း)အပေါ် တွက်ချက်မှုမတိကျဘဲ (Drawing ဖြင့်သာတွက်ချက်ခြင်း) များပြားသည့်အသုံးစရိတ် တောင်းခံမှုအပေါ် လုပ်ငန်းတစ်ခုစီတွင် ၁၀ ရာခိုင်နှုန်းဖြင့် လျှော့ချပြီး လိုအပ်မှသာ BQ တွက်ချက်မှုနှင့်တကွ Supplementry Grant တွင် ပြန်လည်တောင်းခံရန် ညှိနှိုင်းပြီးဖြတ်တောက်ခဲ့ပါသည်။ မြင်းခြံနှင့် ပင်းပက်သံမဏိ စက်ရုံများတွင် ဆောက်လုပ်ရေးနှုန်းထားများ၊ လျှပ်စစ်နှင့်စက်မှုပိုင်းဆိုင်ရာ တပ်ဆင် နှုန်းထားများ စသည်တို့ကို ပြန်လည်စိစစ်လျှော့ချ၍ ကန်ထရိုက်ကုမ္ပဏီဖြင့် စာချုပ် ပြန်လည်ချုပ်ဆိုသင့်ပါသည်။

၃၂။ **စိစစ်ရေးပူးပေါင်းအဖွဲ့(၁၄)။** စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကို စိစစ် ခဲ့ရာတွင် ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စိစစ်ရေးဦးစီးဌာန(ECC)အနေဖြင့် အမျိုးအစားတူ

လုပ်ငန်းများအား တစ်ပြေးညီ စိစစ်ခွင့်ပြုသင့်ပါကြောင်း၊ အရအသုံးခန့်မှန်းခြေငွေစာရင်း လျာထားချက်များကို သက်ဆိုင်ရာအကြီးအမှူးမှ ကြိုတင်ပြင်ဆင်ထားရန်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ရန် အားကောင်းစေလိုကြောင်း၊ ကောင်းမွန်တိကျစွာ စိစစ်နိုင်ရန်အတွက် အချိန်ပေးရန်နှင့် ဆောက်လုပ်ရေးနှင့်သက်ဆိုင်သောကိစ္စများတွင် BQ, PAE တို့ တစ်ပါတည်းတင်ပြဆောင်ရွက်စေလိုပါသည်။ ဝန်ကြီးရုံးနှင့် ဦးစီးဌာနအချင်းချင်းကြား ချိတ်ဆက်ဆောင်ရွက်မှုအားနည်းနေခြင်းများ၊ ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်း လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျကြပ်မတ်စိစစ်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ရသုံးခန့်မှန်းခြေငွေစာရင်း လျာထားချက်များတွင် ဦးစီးဌာနများနှင့် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်၊ မြို့နယ်များ၏စာရင်းကိုပါ တိကျစွာဖော်ပြသင့်ပါကြောင်း အကြံပြုတင်ပြလာပါသည်။

၃၃။ **စိစစ်ရေးပူးပေါင်းအဖွဲ့ (၁၇)။** ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်းနှင့် ၂၀၁၇ ခုနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းတို့နှင့်စပ်လျဉ်း၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့အား စိစစ်ခဲ့ပါသည်။ ထိုသို့စိစစ်ခဲ့ရာတွင် အထူးသဖြင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၏ ငွေလုံးငွေရင်းအသုံးစရိတ်တွင် မန္တလေးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ် တရားလွှတ်တော်တို့၏ အဆောက်အဦအတွက် စီမံကိန်းတန်ဖိုးမှာ ကျပ်သန်း ၇,၀၀၀ ဖြစ်ပါသည်။ တိုင်းဒေသကြီး/ပြည်နယ်ရုံးအဆောက်အဦများအတွက် လျာထားစရိတ်မှာ များစွာမြင့်မားနေပါသည်။ ၎င်းအသုံးစရိတ်နှစ်ခုအတွက် လျှော့နည်းအောင် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီက ဆက်လက်ညှိနှိုင်းဆွေးနွေးသင့်ပါကြောင်း အကြံပြုတင်ပြထားပါသည်။

**၂၀၁၇ ခုနှစ်၊ ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းပါ ရငွေသုံးငွေများနှင့်စပ်လျဉ်း၍ စိစစ်ဖြတ်တောက်မှုအခြေအနေ**

၃၄။ ပြည်ထောင်စုအစိုးရအဖွဲ့ကပေးပို့လာသော ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်းနှင့် ၂၀၁၇ ခုနှစ်၊ ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းပါ ရငွေ၊ သုံးငွေများနှင့်စပ်လျဉ်း၍ စိစစ်ရေးပူးပေါင်းအဖွဲ့(၁၇)ဖွဲ့နှင့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီတို့က ပူးပေါင်းစိစစ်ပြီး **နောက်ဆက်တွဲ(ခ)**ပါအတိုင်း လျှော့ချရန် သဘောထားမှတ်ချက်ပြုခဲ့ပါသည်။ အဆိုပါလျှော့ချခဲ့သည့် သုံးငွေများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| | | **(ကျပ်သန်း)** |
|---|---|---|
| (က) | သာမန်သုံးငွေ | ၆,၆၅၇.၆၈၉ |
| (ခ) | ငွေလုံးငွေရင်းသုံးငွေ | ၂၈၇,၃၁၇.၃၄၀ |
| (ဂ) | ထောက်ပံ့ငွေ | ၉,၆၃၅.၀၀၀ |
| | **စုစုပေါင်းလျှော့ချငွေ** | **၃၀၃,၆၁၀.၀၂၉** |

**မှတ်ချက်။** **ချေးငွေနှင့်ဆက်စပ်နေသော အသုံးစရိတ်များပါဝင်မှု**

| | |
|---|---|
| စိုက်/မွေး/ဆည်မြောင်း | ၁၀၁,၃၄၁.၈၉၈ |
| လျှပ်စစ်/စွမ်းအင် | ၇,၉၃၉.၈၈၂ |
| စက်မှု | ၅၃,၀၆၇.၀၀၀ |
| စီမံ/ဘဏ္ဍာ | ၃.၉၉၇ |
| **စုစုပေါင်းလျှော့ချငွေ** | **၁၆၂,၃၅၂.၇၇၀** |

**အရအသုံးခန့်မှန်းခြေငွေစာရင်းများနှင့်စပ်လျဉ်း၍ ခြုံငုံသုံးသပ်တွေ့ရှိချက်**

၃၅။ ၂၀၁၇-၂၀၁၈ ခု ဘဏ္ဍာရေးနှစ်သည် အမျိုးသားဘက်စုံဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း(၂၀၁၁-၂၀၃၀)၏ ဒုတိယ(၅)နှစ်စီမံကိန်းကာလ ဒုတိယမြောက်နှစ်ဖြစ်ပါသည်။ ထို့ကြောင့် ပြည်ထောင်စု၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် အရအသုံးခန့်မှန်းခြေစာရင်းရေးဆွဲရာတွင် ပထမ(၅)နှစ်စီမံကိန်း အကောင်အထည် ဖော်နိုင်မှုရလဒ်များကိုအခြေခံပြီး စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာမူဘောင်ပါ ဒုတိယ(၅)နှစ်ကာလအတွက် မျှော်မှန်းချက်များကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်ရန် ရည်ရွယ်ချက်ထားရှိပြီး နိုင်ငံတော်၏ ဦးစားပေးလုပ်ငန်းများအနက်မှ လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍ၊ ပညာရေးနှင့်ကျန်းမာရေးကဏ္ဍအသုံးစရိတ်များကို ဦးစားပေးလျာထားကြောင်း သုံးသပ်တွေ့ရှိရပါသည်။

၃၆။ ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်းတွင် ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများအတွက် ဦးစားပေးလုပ်ငန်းအဖြစ် ဆက်လက်တိုးတက်သုံးစွဲသွားဦးမည်ဖြစ်သည့်အပြင် လူမှုရေးရာဝန်ဆောင်မှုလုပ်ငန်းများနှင့် နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသောအောက်ဖော်ပြပါလုပ်ငန်းရပ်များကို တိုးတက်ဆောင်ရွက်သွားရန် လျာထားကြောင်းသုံးသပ်တွေ့ရှိရပါသည်-

(က) ပညာရေးနှင့် ကျန်းမာရေးကဏ္ဍအသုံးစရိတ်များကို ဦးစားပေးလျာထားသုံးစွဲလျက်ရှိရာတွင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် စုစုပေါင်းအသုံးစရိတ်၏ ၁၃.၆၀ ရာခိုင်နှုန်းအထိ တိုးတက်သုံးစွဲရန် လျာထားခြင်း၊

(ခ) လူမှုကာကွယ်စောင့်ရှောက်ရေးမဟာဗျူဟာစီမံချက်ပါ လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းရပ်များအနက် အောက်ပါလုပ်ငန်း(၂)ခုကို စတင်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ခြင်း-

(၁) အသက်(၉၀)နှစ်နှင့်အထက် သက်ကြီးရွယ်အိုများအား လူမှုရေးပင်စင်အဖြစ် တစ်ဦးလျှင် လစဉ် ကျပ် ၁၀,၀၀၀ နှုန်းထောက်ပံ့ပေးခြင်း၊

(၂) ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများရှိ ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှ မွေးဖွားလာမည့် အသက်(၂)နှစ်အောက် ကလေးသူငယ်များအား တစ်လလျှင် ကျပ် ၁၅,၀၀၀ နှုန်းထောက်ပံ့ပေးခြင်း၊

(ဂ) မြန်မာနိုင်ငံသစ်တောများ ပြန်လည်တည်ထောင်ရေးအတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှ စ၍ (၁၀)နှစ် စီမံကိန်းရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ခြင်း၊

(ဃ) နိုင်ငံတော်မှ တာဝန်ယူဆောင်ရွက်လျက်ရှိသော လုပ်ငန်းစီမံကိန်းနှင့် စက်ရုံ၊ အလုပ်ရုံအချို့ကို ပြန်လည်စိစစ်လေ့လာပြီး နိုင်ငံတော်အတွက် ရေရှည်အကျိုးဖြစ်ထွန်းစေရေး၊ ပြည်သူ့ဘဏ္ဍာငွေများဖြစ်၍ တိကျခိုင်မာသည့် ရင်းနှီးမြှုပ်နှံမှုများဖြစ်စေရေးနှင့် လေလွင့်ပြုန်းတီးမှုမဖြစ်စေရေးတို့အတွက် အောက်ပါအတိုင်း အဆင့်(၃)ဆင့်ခွဲ၍ စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ခြင်း-

(၁) လတ်တလောရပ်ဆိုင်းထားသင့်သည့်လုပ်ငန်းစီမံကိန်းများ၊ စက်ရုံ၊ အလုပ်ရုံများ၊

(၂) ပြည်တွင်းပြည်ပမှ နည်းပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ နိုင်ငံတော်နှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်သင့်သည့် လုပ်ငန်းစီမံကိန်းများနှင့် စက်ရုံအလုပ်ရုံများ၊

(၃) ပြည်ထောင်စုအစိုးရအဖွဲ့က ကြပ်မတ်၍ ဆက်လက်ဆောင်ရွက်သင့်သည့် လုပ်ငန်း စီမံကိန်းနှင့် စက်ရုံအလုပ်ရုံများ။

၃၇။ ပြည်ထောင်စု၏ ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်အရအသုံးခန့်မှန်းခြေငွေစာရင်းကို လေ့လာပါက အောက်ပါအတိုင်းသုံးသပ်တွေ့ရှိရပါသည်-

(က) ရငွေပိုင်းတွင် အဓိကအကျဆုံးဖြစ်သည့် သာမန်ရငွေသည် တစ်နှစ်ထက်တစ်နှစ် လျော့နည်း ကျဆင်းလာသည့်အပြင် ၂၀၁၅-၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ်အထိ သာမန်ရငွေသည် သာမန်သုံးငွေထက် ပိုမိုရရှိခဲ့၍ ပိုငွေဖြစ်ပေါ်ခဲ့သော်လည်း ၂၀၁၆-၂၀၁၇ ခုနှစ်မှစ၍ သာမန်သုံးငွေကိုပင် ပြည့်မီအောင်ဖြည့်ဆည်းပေးနိုင်ခြင်းမရှိသောကြောင့် သာမန်သုံးငွေ စာရင်းတွင်ပင် လိုငွေဖြစ်ပေါ်နေခြင်း၊

(ခ) သာမန်ရငွေလျော့နည်းကျဆင်းရခြင်းသည် အောက်ဖော်ပြပါအချက်များကြောင့်ဖြစ်ကြောင်း သုံးသပ်တွေ့ရှိရပါသည်-

(၁) အခွန်အကောက်ရရှိငွေတိုးတက်မှု မတည်ငြိမ်သေးခြင်းနှင့် အလားအလာ ရှိသလောက် တိုးတက်ရရှိအောင် ဆောင်ရွက်နိုင်မှုမရှိသေးခြင်း၊

(၂) နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ရငွေလျော့နည်းကျဆင်းခြင်း၊ အမြတ်ရရှိငွေ လျော့နည်းကျဆင်းခြင်းနှင့်အတူ နိုင်ငံတော်သို့ ပေးဆောင်ရသည့် အခွန်အကောက်နှင့် ထည့်ဝင်ငွေများ လျော့နည်းကျဆင်းလာခြင်း၊

(ဂ) နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် သာမန် သုံးငွေ၊ ငွေလုံးငွေရင်းသုံးငွေ နှစ်ရပ်စလုံး နှစ်စဉ်တိုးတက်သုံးစွဲလျက်ရှိရာတွင် သုံးငွေ တိုးတက်မှုနှင့်အတူ ဘတ်ဂျက်လိုငွေတိုးတက်လာပြီး ၎င်းလိုငွေကို ဖြည့်ဆည်းပေး နိုင်ရန် ပြည်တွင်းပြည်ပချေးယူရငွေ တိုးတက်ရယူနေရလျက်ရှိခြင်း၊

(ဃ) အထက်ပါအချက်များအရ ဘတ်ဂျက်လိုငွေသည် ၂၀၁၆-၂၀၁၇ နှင့် ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်များတွင် ကျပ်ဘီလီယံ ၄,၀၀၀ ကျော်အထိရှိလာခြင်း၊

၃၈။ ဘတ်ဂျက်လိုငွေအတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ဖြည့်ဆည်းပေးနေရခြင်းနှင့် စပ်လျဉ်း၍ ဘတ်ဂျက်လိုငွေ၊ လိုငွေဖြည့်ဆည်းမှုအခြေအနေနှင့် ၂၀၁၅-၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ်တွင် ကျပ် ၂,၉၆၆ ဘီလီယံ အထိ ထူးကဲစွာတိုးတက်ဖြည့်ဆည်းပေးခဲ့ရခြင်းနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း သုံးသပ်တွေ့ရှိရပါသည်-

## (က) ဘတ်ဂျက်လိုငွေ၊ နိုင်ငံတော်စာရင်းလိုငွေနှင့် လိုငွေအသားတင်ဖြည့်ဆည်းခြင်း

(ကျပ်ဘီလီယံ)

| ဘဏ္ဍာရေးနှစ် | ဘတ်ဂျက် အရလိုငွေ | နိုင်ငံတော် စာရင်း လိုငွေ | ဖြည့်ဆည်းမှု | | | |
|---|---|---|---|---|---|---|
| | | | ဗဟိုဘဏ် | လေလံတင် ရောင်းချမှု | အစိုးရငွေတိုက် စာချုပ် | ပေါင်း |
| ၂၀၁၁-၂၀၁၂ | ၁,၆၃၀ | ၁,၇၅၆ | ၁,၁၃၀ | - | ၅၂၇ | ၁,၆၅၇ |
| ၂၀၁၂-၂၀၁၃ | ၁,၂၅၁ | ၁,၂၅၄ | ၆၉၁ | - | ၁၉၅ | ၈၈၆ |
| ၂၀၁၃-၂၀၁၄ | ၇၀၆ | ၁,၇၆၆ | ၄၂၀ | - | ၇၇၀ | ၁,၁၉၀ |
| ၂၀၁၄-၂၀၁၅ | ၇၉၂ | ၅၇၃ | ၂၆၈ | ၁၀၈ | ၉၇ | ၄၇၃ |
| ၂၀၁၅-၂၀၁၆ | ၃,၀၀၅ | - | ၂,၉၆၆ | ၅၅၇ | (-)၂၈၆ | ၃,၂၃၇ |
| ၂၀၁၆-၂၀၁၇ (နိုဝင်ဘာလအထိ) | - | - | (-)၅၂၆ | ၄၇၃ | ၃၁၉ | ၂၆၆ |

## (ခ) ၂၀၁၅-၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ် လအလိုက် လိုငွေအသားတင်ဖြည့်ဆည်းခြင်း

(ကျပ်ဘီလီယံ)

| စဉ် | လအမည် | ငွေတိုက်လက်မှတ် | | ငွေတိုက် စာချုပ် | စုစုပေါင်း |
|---|---|---|---|---|---|
| | | ဗဟိုဘဏ်မှ ဖြည့်ဆည်းမှု | လေလံတင် ရောင်းချမှု | | |
| (၁) | ၂၀၁၅ ခုနှစ်၊ ဧပြီလ | - | - | ၂၇.၈၆၀ | ၂၇.၈၆၀ |
| (၂) | ၂၀၁၅ ခုနှစ်၊ မေလ | - | (-) ၇.၇၅၇ | ၁၁.၉၁၂ | ၄.၁၅၅ |
| (၃) | ၂၀၁၅ ခုနှစ်၊ ဇွန်လ | ၇၇၄.၇၄၃ | ၄၅.၂၆၉ | (-) ၁၉.၅၅၄ | ၇၈၀.၄၅၈ |
| (၄) | ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ | - | ၄၅.၂၁၁ | (-) ၆၀.၈၃၂ | (-) ၁၅.၆၂၁ |
| (၅) | ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ | ၅၃.၃၄၁ | (-)၁၆.၆၅၈ | (-) ၃၅.၈၄၇ | ၀.၈၃၆ |
| (၆) | ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ | ၃၁၁.၈၁၇ | (-)၃၂.၉၉၆ | (-) ၅.၀၀၁ | ၂၇၃.၈၂၀ |
| (၇) | ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ | - | ၆၄.၆၉၉ | ၄၀.၈၇၂ | ၁၀၅.၅၇၁ |
| (၈) | ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ | - | ၁.၉၀၂ | (-) ၈.၁၈၇ | (-) ၆.၂၈၅ |
| (၉) | ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ | - | ၆၆.၅၃၂ | (-) ၄၀.၅၄၂ | ၂၅.၉၉၀ |
| (၁၀) | ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ | ၈၅၉.၅၃၉ | ၆၃.၄၂၇ | (-) ၁၂၉.၄၂၉ | ၇၉၃.၅၃၇ |
| (၁၁) | ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ | ၁၈၈.၇၅၇ | ၁၀၆.၉၉၄ | (-) ၂၂.၁၅၃ | ၂၇၃.၅၉၈ |
| (၁၂) | ၂၀၁၆ ခုနှစ်၊ မတ်လ | ၇၇၇.၇၀၇ | ၂၂၀.၂၉၉ | (-) ၂၄.၈၄၄ | ၉၇၃.၁၆၂ |
| | စုစုပေါင်း | ၂,၉၆၅.၉၀၄ | ၅၅၆.၉၂၂ | (-) ၂၈၅.၇၄၅ | ၃,၂၃၇.၀၈၁ |

(ဂ) ၂၀၁၅-၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ် လအလိုက်လိုငွေဖြည့်ဆည်းမှုစာရင်းအရ အောက်ပါအချက်များကို လေ့လာတွေ့ရှိရပါသည်-

(၁) ၂၀၁၅ ခုနှစ်၊ ဇွန်လတွင် ကျပ် ၇၈၀.၄၅၈ ဘီလီယံ ဖြည့်ဆည်းခဲ့ရခြင်း၊

(၂) ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလတွင် ကျပ် ၂၇၃.၈၂၀ ဘီလီယံ ဖြည့်ဆည်းခဲ့ရခြင်း၊

(၃) ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလတွင် ဖြည့်စွက်ခွင့်ပြုငွေ ကျပ် ၂,၄၆၄.၁၃၀ ဘီလီယံ ခွင့်ပြုခဲ့ခြင်း၊

(၄) ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလမှ မတ်လအထိ (၃)လအတွင်း ဖြည့်ဆည်းပေးခဲ့ရသော ကျပ် ၂,၀၄၀.၂၉၇ ဘီလီယံသည် ၂၀၁၅-၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ်တစ်နှစ်လုံး ဖြည့်ဆည်းပေးရငွေ၏ ၆၃.၀၃ ရာခိုင်နှုန်း ရှိနေခြင်း။

(ဃ) ဘတ်ဂျက်လိုငွေမှာ ပြည်ထောင်စုအရအသုံးစာရင်း၏လိုငွေဖြစ်ပြီး ဗဟိုဘဏ်၏ လိုငွေဖြည့်ဆည်းမှုမှာ ပြည်ထောင်စုအစိုးရအပ်ငွေစာရင်း၏ လိုငွေကိုဖြည့်ဆည်းပေးရခြင်းဖြစ်၍ အသုံးစရိတ်များကျခံသုံးစွဲရာတွင် ငွေသားစီမံခန့်ခွဲမှုကို စနစ်တကျစိစစ်ဆောင်ရွက်ခြင်းဖြင့် လိုငွေဖြည့်ဆည်းပေးရမှုကို ထိန်းသိမ်းဆောင်ရွက်နိုင်ကြောင်း သုံးသပ်တွေ့ရှိရပါသည်။

၃၉။ ပြည်တွင်းပြည်ပ ကြွေးမြီအခြေအနေနှင့်စပ်လျဉ်း၍ ၃၁-၁၂-၂၀၁၆ ရက်နေ့တွင် ပြည်တွင်းကြွေးမြီ ကျပ် ၁၆.၃၃၄ ဘီလီလံ၊ အချိုး ၂၀.၁ ရာခိုင်နှုန်းနှင့် ပြည်ပကြွေးမြီ ကျပ် ၁၀.၆၅၃ ဘီလီယံ အချိုး ၁၃.၁ ရာခိုင်နှုန်း၊ စုစုပေါင်းကြွေးမြီ ၂၆,၉၈၇ ဘီလီယံ ကြွေးမြီနှင့် ဂျီဒီပီအချိုး ၃၃.၂ ရာခိုင်နှုန်း ရှိကြောင်း အောက်ပါအတိုင်း သုံးသပ်တွေ့ရှိရပါသည်-

(က) ပြည်ပကြွေးမြီအများစုသည် အတိုးနှုန်းအလွန်နည်းပါးပြီး ပြန်ဆပ်ကာလရှည်ကြာခြင်း၊

(ခ) ပြည်တွင်းကြွေးမြီသည် အတိုးနှုန်းမြင့်မားပြီး ကာလတို ကြွေးမြီများဖြစ်ခြင်း၊

(ဂ) ကမ္ဘာ့ဘဏ်နှင့် အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့တို့၏ သတ်မှတ်ချက်အရ အလယ်အလတ်အဆင့် ဝင်ငွေနည်းပါးသည့်နိုင်ငံများအတွက် ပြည်ပကြွေးမြီနှင့် ဂျီဒီပီအချိုးကို ၃၀ ရာခိုင်နှုန်းနှင့် ပြည်တွင်းပြည်ပကြွေးမြီ(၂)ရပ်ပေါင်း၏ ဂျီဒီပီအချိုးကို ၃၈ ရာခိုင်နှုန်းထက် မကျော်လွန်သင့်ခြင်း၊

(ဃ) လက်ရှိအနေအထားအရ ပြည်တွင်းပြည်ပကြွေးမြီ(၂)ရပ်ပေါင်းသည် ၃၃.၂ရာခိုင်နှုန်းသာရှိသော်လည်း ပြည်တွင်းကြွေးမြီနှင့် ဂျီဒီပီအချိုးမှာ ၂၀.၁ ရာခိုင်နှုန်းဖြစ်နေ၍ ပြည်တွင်းကြွေးမြီကို လျှော့ချသွားရန်လိုအပ်ခြင်း။

၄၀။ စိစစ်ရေးပူးပေါင်းအဖွဲ့များ၏ စိစစ်တွေ့ရှိချက်အရ ငွေလုံးငွေရင်းအသုံးစရိတ်များတွင် စံချိန်စံညွှန်းများ ပြည့်စုံစွာမပါရှိခြင်း၊ အချို့ PAE နှုန်းထားများ၊ လုပ်ငန်း၏ခန့်မှန်းတန်ဖိုးများသည် ပြင်ပတွင် ဖြစ်ပေါ်နေသည့် ပေါက်ဈေးနှုန်းထက် မြင့်မားနေခြင်းနှင့် အချို့ဌာနများအနေဖြင့် လိုအပ်သည့် စံချိန်စံညွှန်းနှင့်တွက်ချက်မှု အထောက်အထားများမပါရှိခြင်းတို့သည် အောက်ပါအချက်များအရ ဖြစ်နိုင်ကြောင်း သုံးသပ်တွေ့ရှိရပါသည်-

(က) တည်ဆောက်ရေးလုပ်ငန်းများ၏ ခန့်မှန်းကုန်ကျစရိတ်များတွက်ချက်ရာတွင် အသုံးပြုသည့် တည်ဆောက်ရေးပစ္စည်းများ၏ ဒေသပေါက်ဈေး(အတည်ပြုဈေးနှုန်း)များသည် ဒေသအတွင်း ပကတိဖြစ်ပေါ်နေသော ဈေးကွက်ပေါက်ဈေးများထက် မြင့်မားနေခြင်း၊

(ခ) အချို့ဌာနများအနေဖြင့် ဒေသပေါက်ဈေး(အတည်ပြုဈေးနှုန်း) များကိုအခြေခံ၍ BP, BQ များဖြင့် စနစ်တကျတွက်ချက်ထားသည့် ကုန်ကျစရိတ်များဖြစ်သော်လည်း ၎င်းကုန်ကျစရိတ်များတွင် Contigency အဖြစ် (၅)ရာခိုင်နှုန်း ထပ်ဆောင်းတွက်ချက်ထားခြင်း၊ Contractor Profit အဖြစ် (၁၀)ရာခိုင်နှုန်း ထပ်ဆောင်းတွက်ချက်ထားခြင်းများ တွေ့ရှိရခြင်း၊

(ဂ) အချို့ဌာနများအနေဖြင့် BP, BQ များဖြင့် စနစ်တကျတွက်ချက်ထားခြင်း မဟုတ်ဘဲ ခန့်မှန်းဈေးနှုန်းများဖြင့် တွက်ချက်ထားခြင်း (ဥပမာ- တစ်ထပ် အဆောက်အဦ PAE ၂၇,၀၀၀/ နှုန်း၊ နှစ်ထပ်အဆောက်အဦ PAE ၂၈,၀၀၀/ နှုန်း)။

၄၁။ တည်ဆောက်ရေးလုပ်ငန်းများ၏ လုပ်ငန်းကုန်ကျစရိတ်ခန့်မှန်းတန်ဖိုးများသည် ပြင်ပဈေးကွက်၏ ပကတိပေါက်ဈေးများထက် မြင့်မားနေခြင်းနှင့်စပ်လျဉ်း၍ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ အောက်ပါအတိုင်း စိစစ်ဆောင်ရွက်မှုကြောင့် ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ်အတွင်း လမ်းဦးစီးဌာန၏ လုပ်ငန်းများတွင် မူလခွင့်ပြုငွေထက် ကျပ် ၁၀,၂၇၃.၅၈၅ သန်း သက်သာပြီး ပိုလျှံငွေဖြစ်ပေါ်ခဲ့ခြင်းသည် ထင်ရှားသည့် သာဓကတစ်ရပ်ဖြစ်ကြောင်း သုံးသပ်ရရှိပါသည်-

(က) ပစ္စည်းဝယ်ယူရေးတင်ဒါအဖွဲ့ ဖွဲ့စည်းဆောင်ရွက်ရာတွင် တာဝန်ယူတာဝန်ခံမှုစနစ်ဖြင့် တာဝန်ပေးအပ်ပြီး ပွင့်လင်းမြင်သာစွာဆောင်ရွက်စေခဲ့ခြင်း၊

(ခ) ကန်ထရိုက်တင်ဒါခေါ်ယူရာတွင် နိုင်ငံတကာပေါက်ဈေးများ၊ နိုင်ငံခြားငွေလဲလှယ်နှုန်းများကို လေ့လာစိစစ်၍ အဖြစ်သင့်ဆုံးသောဈေးနှုန်းကို သတ်မှတ်ဆောင်ရွက်ခဲ့ခြင်း၊

(ဂ) လုပ်ငန်းတင်ဒါများခေါ်ယူရန် လုပ်ငန်းတန်ဖိုး ကြမ်းခင်းဈေးတွက်ချက်ရာတွင် ပစ္စည်းဝယ်ယူရေးတင်ဒါများတွင် အောင်မြင်ခဲ့သော လမ်းသုံးပစ္စည်းများ၏ဈေးနှုန်းများကို အခြေခံတွက်ချက်ပြီး အမြင့်ဆုံးဈေး၊ အနိမ့်ဆုံးဈေးသတ်မှတ်ဆောင်ရွက်စေခဲ့ခြင်း (ဒေသပေါက်ဈေးအဖြစ် အတည်ပြုဈေးနှုန်းများကို အခြေခံခြင်းမဟုတ်ပါ)။

၄၂။ **နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ။** နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများကို စီးပွားရေးဆန်ဆန်ဆောင်ရွက်နိုင်ရန်နှင့် မိမိတို့၏ ကိုယ်ပိုင်ငွေကြေးအင်အားအပေါ် ရပ်တည်ဆောင်ရွက်နိုင်ရန်အတွက် ၂၀၁၂-၂၀၁၃ ခု၊ ဘဏ္ဍာရေးနှစ်မှစ၍ ငွေကြေးစီမံခန့်ခွဲမှုအစီအစဉ်သစ်ချမှတ်ပြီး ကိုယ်ပိုင်ဘဏ္ဍာရန်ပုံငွေစာရင်းထားရှိဆောင်ရွက်စေခဲ့သော်လည်း ယနေ့အထိ ထူးခြားတိုးတက်မှုမရရှိကြောင်း သုံးသပ်တွေ့ရှိရပါသည်။ အထူးသဖြင့် နိုင်ငံတော်၏သယံဇာတများကို ထုတ်လုပ်ရောင်းချခွင့်ပြုသည့် ထုတ်လုပ်မှုအပေါ် ခွဲဝေသည့်စနစ် (PSC) ဖြင့် ဆောင်ရွက်နေသည့်အဖွဲ့အစည်းများသာ အမြတ်ရရှိလျက်ရှိပြီး ကိုယ်တိုင်ထုတ်လုပ်မှု၊ ဆောင်ရွက်မှုလုပ်ဆောင်သည့် အဖွဲ့အစည်းအများစုနှင့် ပြည်သူလူထုအား ဝန်ဆောင်မှုပေးနေသည့် အဖွဲ့အစည်းအများစုတို့မှာ အရှုံးဖြစ်ပေါ်လျက်ရှိပါသည်။ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများအားလုံးကို ခြုံငုံသုံးသပ်ပါ က ကုန်သွယ်မှုစာရင်းအရ အမြတ်ရရှိသည်ဆိုသော်လည်း ငွေသားစာရင်းအရ လိုငွေကြီးမားစွာဖြစ်ပေါ်နေခြင်း၊ အမြတ်ရရှိငွေပမာဏကျဆင်းမှုကြောင့် နိုင်ငံတော်သို့ပေးဆောင်ရသည့် အခွန်အကောက်နှင့် ထည့်ဝင်ငွေပမာဏ တဖြည်းဖြည်းကျဆင်းလျက်ရှိခြင်းတို့ကို သုံးသပ်တွေ့ရှိရပါသည်။

## ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ သဘောထားမှတ်ချက်

၄၃။ ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်း၊ ၂၀၁၇ ခုနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းတို့နှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးကော်မရှင်၏ ထောက်ခံတင်ပြချက်အရ ပြည်ထောင်စုအစိုးရအဖွဲ့အနေဖြင့် ပြည်ပချေးငွေများရယူရာတွင် နိုင်ငံတော်၏ ကြွေးမြီခံနိုင်ရည်ရှိမှု အတိုင်းအတာအတွင်း ရယူသင့်သည့်ချေးငွေများကို စိစစ်သုံးသပ်ရယူခြင်းနှင့်

လိုငွေအတွက် ဗဟိုဘဏ်မှ ဖြည့်ဆည်းမှုကို ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ်တွင် လိုငွေ၏ ၄၀ % အတွင်း၌လည်းကောင်း၊ ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်တွင် လိုငွေ၏ ၃၀% အတွင်း၌လည်းကောင်း၊ ဖြည့်ဆည်းရယူရန် ရည်မှန်းချက်ထားရှိဆောင်ရွက်ရန်ဖြစ်ကြောင်းသိရှိရ၍ ရည်မှန်းချက်ပြည့်မီအောင် ကြိုးပမ်းဆောင်ရွက်သွားရန် လိုအပ်ကြောင်း သဘောထားမှတ်ချက်ပြုအပ်ပါသည်။

၄၄။ ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုအရအသုံးခန့်မှန်းခြေငွေစာရင်းတွင် လူမှုကာကွယ်စောင့်ရှောက်ရေးအသုံးစရိတ်အဖြစ် စတင်လျာထားသုံးစွဲသွားရန် ထည့်သွင်းရေးဆွဲထားကြောင်း သိရှိရပါသည်။ နိုင်ငံတော်မှချမှတ်ထားသည့် အသုံးစရိတ်မူဝါဒနှင့်အညီ အခြေခံအဆောက်အဦများနှင့် ပညာရေး၊ ကျန်းမာရေးအပါအဝင် လူမှုရေးရာဝန်ဆောင်မှုလုပ်ငန်းများ အထူးသဖြင့် ပြည်သူလူထုကို ချက်ချင်းလက်ငင်းအကျိုးပြုစေနိုင်မည့် အသုံးစရိတ်များကို ဦးစားပေးသုံးစွဲသွားရန် လိုအပ်ကြောင်း သဘောထားမှတ်ချက်ပြုအပ်ပါသည်။

၄၅။ ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ်မှစ၍ ဘတ်ဂျက်လိုငွေများ မြင့်မားလာပြီး လိုငွေနှင့် GDP အချိုး မြင့်တက်လျက်ရှိရာတွင် ဘတ်ဂျက်လိုငွေနှင့် GDP အချိုးသည် အမှန်စာရင်းများတွင် လျော့နည်းသွားနိုင်ပါကြောင်း ရှင်းလင်းတင်ပြချက်အပေါ် အောက်ပါအတိုင်းသုံးသပ်၍ သဘောထားမှတ်ချက်ပြုအပ်ပါသည်-

(က) ပြည်ထောင်စု၏အရအသုံးခန့်မှန်းခြေစာရင်းတွင် အမှန်စာရင်းများထွက်ရှိချိန်တွင် အောက်ပါအတိုင်းဆောင်ရွက်ခြင်းကြောင့် ဖြစ်ပေါ်လာသည့်လိုငွေပမာဏနှင့် လိုငွေနှင့် GDP အချိုးလျော့ကျခြင်းသည်သာလျှင် ဖြစ်သင့်ဖြစ်ထိုက်သော လျော့ကျမှုဖြစ်ပါကြောင်း-

(၁) ရသုံးမှန်းခြေငွေစာရင်းပါ လုပ်ငန်းရပ်အားလုံးကို သတ်မှတ်စံချိန်စံညွှန်း ပြည့်မီစွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်း၊

(၂) ထိုသို့ဆောင်ရွက်ရာတွင် ပြည်သူ့ဘဏ္ဍာငွေများကို လေလွင့်ယိုဖိတ်မှု မရှိစေဘဲ တည်ဆဲစည်းမျဉ်းစည်းကမ်းများနှင့်အညီ စီစီစစ်စစ်သုံးစွဲဆောင်ရွက်မှုကြောင့် အသုံးစရိတ်များ လျော့နည်းသက်သာသွားခြင်း။

(ခ) အကြောင်းအမျိုးမျိုးကြောင့် ရသုံးမှန်းခြေငွေစာရင်းပါ လုပ်ငန်းရပ်များကို အချိန်မီ ပြီးစီးအောင်ဆောင်ရွက်နိုင်မှုမရှိခြင်း (သို့မဟုတ်) လုံးဝဆောင်ရွက်နိုင်မှုမရှိခြင်းကြောင့် ပိုငွေအဖြစ် ပြန်လည်အပ်နှံခြင်းကြောင့် ဖြစ်ပေါ်လာသည့် လိုငွေပမာဏနှင့် လိုငွေနှင့် GDP အချိုးလျော့ကျမှုသည် နိုင်ငံတော်အတွက်အကျိုးမရှိ၍ ဖြစ်သင့်သည့် လျော့ကျမှု မဟုတ်ပါကြောင်း။

၄၆။ ငွေလုံးငွေရင်းအသုံးစရိတ်များ ခန့်မှန်းရာတွင် ဒေသအတွင်းပကတိဖြစ်ပေါ်နေသည့် ဈေးကွက်ပေါက်ဈေးများကို အခြေခံတွက်ချက်ရန်ဖြစ်ပြီး သက်ဆိုင်ရာဝန်ကြီးဌာနအဆင့်တွင်လည်းကောင်း၊ စက်ပစ္စည်းကြီးကြပ်မှုကော်မတီ/ ဆောက်လုပ်ရေး (ငွေလုံးငွေရင်း) ကော်မတီအဆင့်တွင်လည်းကောင်း၊ စနစ်တကျစိစစ်ဆောင်ရွက်ခြင်းဖြင့် မလိုလားအပ်သော လုပ်ငန်းတန်ဖိုးဖောင်းပွမှုများဖြစ်ပေါ်ခြင်းမရှိစေရေး ဆောင်ရွက်သွားရန်နှင့် ပြည်ထောင်စုလွှတ်တော်ကဖွဲ့စည်းပေးသော စိစစ်ရေးပူးပေါင်းအဖွဲ့များ၏ စိစစ်မှုခံယူရာတွင် လိုအပ်သည့်စံချိန်စံညွှန်းနှင့် တွက်ချက်မှုအထောက်အထားများကို သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်ဌာန၊ အဖွဲ့အစည်းများက ပြည့်စုံစွာယူဆောင်လာသင့်ပါကြောင်း သဘောထားမှတ်ချက် ပြုအပ်ပါသည်။

၄၇။ ပြည်ထောင်စု၏ ရသုံးခန့်မှန်းခြေငွေစာရင်းပါလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများအနေဖြင့် ပစ္စည်းဝယ်ယူမှု၊ လုပ်ငန်းဆောင်ရွက်မှုတင်ဒါလုပ်ငန်းစဉ်များအား ပွင့်လင်းမြင်သာစွာဆောင်ရွက်ခြင်း၊ ပြည်သူများ၏စောင့်ကြည့်မှုကိုခံယူခြင်း၊ ပြည်သူ့ကိုယ်စားလှယ်များ၊ ပြည်သူများနှင့်အတူ ပူးပေါင်းညှိနှိုင်းအကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့် ပညာရပ်ဆိုင်ရာခက်ခဲနက်နဲသောလုပ်ငန်းများမှအပ ကျန်လုပ်ငန်းရပ်များတွင် ပြည်သူများပူးပေါင်းပါဝင်ဆောင်ရွက်နိုင်စေရန် လုပ်ငန်းစံချိန်စံညွှန်းနှင့် အရည်အသွေးသတ်မှတ်ချက်များကို ထုတ်ပြန်ကြေညာပေးခြင်းတို့ကို ဆောင်ရွက်သွားရန်လိုအပ်ကြောင်း သဘောထားမှတ်ချက်ပြုအပ်ပါသည်။

၄၈။ မြန်မာနိုင်ငံ၏ အခွန်အကောက်ရငွေနှင့် ဂျီဒီပီအချိုးသည် ၇.၁ ရာခိုင်နှုန်းသာရှိပြီး အာဆီယံနိုင်ငံများတွင် အနိမ့်ကျဆုံးဖြစ်နေပါသည်။ အခွန်အကောက်တိုးမြှင့်ရရှိရေးဆောင်ရွက်ရာတွင် အခွန်နှုန်းထားတိုးမြှင့်ခြင်းမပြုဘဲ အခွန်၏အခြေခံကိုချဲ့ထွင်ပြီးရသင့်ရထိုက်သော အခွန်များအပြည့်အဝရရှိရေး စနစ်တကျ စီမံကောက်ခံဆောင်ရွက်သွားရန်ဖြစ်ပါသည်။ အခွန်ဆိုင်ရာဥပဒေနှင့် လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များသည် ရိုးရှင်းလွယ်ကူပြီး ပြည်သူများအနေဖြင့် လွယ်ကူစွာနားလည်လွယ်စေရန်နှင့် ပြည်သူများအတွက် အခွန်ပညာပေးလုပ်ငန်းများဆောင်ရွက်ရာတွင် နိုင်ငံတော်ပိုင်မီဒီယာများဖြစ်သည့် သတင်းစာများ၊ ရုပ်မြင်သံကြားအစီအစဉ်များကိုပါအသုံးပြုပြီး ပိုမိုကျယ်ပြန့်စွာလုပ်ဆောင်သွားရန်ဖြစ်ပါသည်။ အထူးသဖြင့် နိုင်ငံပိုင်သတင်းစာများ၏ (တနင်္ဂနွေနေ့)အထူးထုတ်များတွင် အခွန်ပညာပေးကဏ္ဍတစ်ရပ် ထည့်သွင်းဆောင်ရွက်ခြင်းဖြင့် အခွန်ဆိုင်ရာပညာပေးလုပ်ငန်းကို နိုင်ငံတော်အနေဖြင့် ငွေကြေးတစ်စုံတစ်ရာ ထပ်မံကုန်ကျမှုမရှိဘဲ ပိုမိုကျယ်ပြန့်စွာလုပ်ဆောင်သွားသင့်ပါကြောင်း သဘောထားမှတ်ချက်ပြုအပ်ပါသည်။

၄၉။ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများနှင့်စပ်လျဉ်း၍ ပြည်သူများ၏ အကျိုးစီးပွားကိုဖော်ဆောင်နိုင်သော စီးပွားရေးအဖွဲ့အစည်းများအဖြစ် စီးပွားရေးဆန်ဆန်ထိထိရောက်ရောက် ဆောင်ရွက်နိုင်စေရေး စနစ်တကျလေ့လာသုံးသပ်ပြီး လိုအပ်သည့်ပြုပြင်ပြောင်းလဲမှုများဆောင်ရွက်ကာ ကြပ်မတ်ဆောင်ရွက်သွားသင့်ပါကြောင်း သဘောထားမှတ်ချက်ပြုအပ်ပါသည်။

**နိဂုံး**

၅၀။ သို့ပါ၍ ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏အရအသုံးခန့်မှန်းခြေငွေစာရင်းနှင့် ၂၀၁၇ ခုနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းအပေါ် စိစစ်ရေးပူးပေါင်းအဖွဲ့ (၁၇)ဖွဲ့နှင့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီတို့မှ စိစစ်လျှော့ချရန်အဆိုပြုသည့် ကျပ် ၃၀၃,၆၁၀.၀၂၉ သန်းကို ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးသင့်ပါကြောင်း ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၀၄(က)၊ (ခ)၊ (ဂ)ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြည်ထောင်စုလွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါသည်။

**ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ**

နောက်ဆက်တွဲ(က)

## ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုအဖွဲ့အစည်းအလိုက် အရအသုံးခန့်မှန်းခြေငွေစာရင်း

(ကျပ်ဘီလီယံ)

| စဉ် | အကြောင်းအရာ | ဗဟိုအဖွဲ့အစည်း/ ဝန်ကြီးဌာနများ | လူမှုဖူလုံရေး | နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်း | ဘဏ္ဍာရန်ပုံငွေပြင်ပမှ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့ အစည်းများ | ဗဟိုဘဏ် | တပ်မြို့စည်ပင်သာယာရေး | နေပြည်တော်ကောင်စီ | နေပြည်တော်စည်ပင်သာယာရေး | စုစုပေါင်း ရငွေ/သုံးငွေ |
|---|---|---|---|---|---|---|---|---|---|---|
| ၁ | **ရငွေ** | **၉,၅၃၅.၆၃၇** | **၇၈.၇၈၀** | **၅,၄၆၈.၈၃၄** | **၁,၁၄၇.၀၃၄** | **၄၉၆.၀၉၇** | **၁.၂၀၇** | **၀.၁၀၆** | **၄၀.၆၈** | **၁၆,၇၆၈.၃၇၈** |
| | သာမန် | ၇,၉၄၀.၈၃၇ | ၇၈.၇၈၀ | ၄,၉၁၂.၈၉၄ | ၉၈၈.၉၇၆ | ၄၉၂.၁၃၉ | ၁.၂၀၇ | ၀.၁၀၆ | ၄၀.၅၄၈ | ၁၄,၄၅၅.၄၈၇ |
| | ငွေလုံးငွေရင်း | ၂၃၃.၂၄၉ | - | ၂၀.၀၅၈ | ၁၄.၀၁၄ | - | - | - | ၀.၁၃၅ | ၂၆၇.၄၅၆ |
| | ကြွေးမြီ | ၁,၃၆၁.၅၅၁ | - | ၅၃၅.၈၈၂ | ၁၄၄.၀၄၄ | ၃.၉၅၈ | - | - | - | ၂,၀၄၅.၄၃၅ |
| ၂ | **သုံးငွေ** | **၁၃,၂၄၅.၂၈၂** | **၁၅.၃၈၇** | **၆,၀၈၃.၅၃၁** | **၁,၁၃၇.၁၁၈** | **၃၄၆.၁၁၁** | **၁.၂၁၆** | **၂၇.၃၁၆** | **၄၀.၄၇၂** | **၂၀,၈၉၆.၄၃၃** |
| | သာမန် | ၉,၃၃၂.၄၇၂ | ၁၃.၀၇၅ | ၄,၈၉၂.၁၆၄ | ၉၀၆.၅၆၄ | ၃၄၃.၄၂၀ | ၁.၁၇၄ | ၁.၅၁၄ | ၃၆.၉၉၇ | ၁၅,၅၂၇.၃၈၀ |
| | ငွေလုံးငွေရင်း | ၃,၆၇၀.၇၃၇ | ၂.၃၁၂ | ၈၆၂.၆၀၅ | ၂၀၆.၀၈၈ | ၂.၆၉၁ | ၀.၀၄၂ | ၂၅.၈၀၂ | ၃.၄၇၅ | ၄,၇၇၃.၇၅၂ |
| | ကြွေးမြီ | ၂၄၂.၀၇၃ | - | ၃၂၈.၇၆၂ | ၂၄.၄၆၆ | - | - | - | - | ၅၉၅.၃၀၁ |
| ၃ | **ပိုငွေ(+)/လိုငွေ(-)** | **(-)၃,၇၀၉.၆၄၅** | **၆၃.၃၉၃** | **(-)၆၁၄.၆၉၇** | **၉.၉၁၆** | **၁၄၉.၉၈၆** | **(-)၀.၀၀၉** | **(-)၂၇.၂၁၀** | **၀.၂၁၁** | **(-)၄,၁၂၈.၀၅၅** |

C:\Users\myothandarkhaing\Desktop\(4-2017)for PDF\(4-2017)Budget Report.docx

ပြည်ထောင်စုလွှတ်တော်ရုံးက ၆-၃-၂၀၁၇ ရက်တွင် ဖြန့်ဝေသည်။

## ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုအဖွဲ့အစည်းအလိုက် အရအသုံးခန့်မှန်းခြေငွေစာရင်း(ရငွေများ)

(ကျပ်ဘီလီယံ)

| စဉ် | အကြောင်းအရာ | ဗဟို အဖွဲ့ အစည်း | ဝန်ကြီး ဌာနများ | လူမှု ဖူလုံရေး | နိုင်ငံတော်ပိုင် စီးပွားရေး အဖွဲ့အစည်း | ဘဏ္ဍာရန်ပုံငွေ ပြင်ပမှ နိုင်ငံတော်ပိုင် စီးပွားရေး အဖွဲ့အစည်းများ | ဗဟိုဘဏ် | တပ်မြို့ စည်ပင် သာယာ ရေး | နေပြည်တော် ကောင်စီ | နေပြည်တော် စည်ပင် သာယာရေး | စုစုပေါင်း သုံးငွေ |
|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | အခွန်အကောက်ရငွေ | | ၆,၄၈၁.၀၀၉ | | | | | ၀.၀၀၆ | | ၀.၅၄၂ | ၆,၄၈၁.၅၅၇ |
| ၂ | နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှ ရငွေ | | ၅၁၁.၆၁၀ | | | | | | | | ၅၁၁.၆၁၀ |
| ၃ | အခြားသာမန်ရငွေ | ၀.၄၄၄ | ၄၈၁.၉၈၄ | ၇၈.၇၈၀ | ၄,၉၁၂.၈၉၄ | ၉၈၈.၉၇၆ | ၄၉၂.၁၃၉ | ၁.၂၀၁ | ၀.၀၁၁ | ၂၈.၈၆၆ | ၆,၉၈၅.၂၉၅ |
| ၄ | အတိုးရငွေ | | ၇၁.၆၄၄ | | | | | | | | ၇၁.၆၄၄ |
| ၅ | ထောက်ပံ့ငွေ | | ၉.၅၀၂ | | | | | | | ၁၁.၁၄၀ | ၂၀.၆၄၂ |
| ၆ | ငွေလုံးငွေရင်းရငွေ | | ၃၃.၁၃၄ | | | | | | | ၀.၁၃၅ | ၃၃.၂၆၉ |
| ၇ | ပြည်ပအကူအညီရငွေ | ၁.၅၀၁ | ၅၈၃.၃၅၃ | | ၂၀.၀၅၈ | ၁၄.၀၁၄ | | | | | ၆၁၈.၉၂၆ |
| ၈ | ထုတ်ချေးငွေအတွက်ပြန်ရငွေ (ကြွေးမြီ) | | ၈၉.၂၇၂ | | | | | | | | ၈၉.၂၇၂ |
| ၉ | ချေးယူရငွေ (ကြွေးမြီ) | ၂.၂၅၁ | ၁,၂၆၆.၉၇၇ | | ၅၃၅.၈၈၂ | ၁၄၄.၀၄၄ | ၃.၉၅၈ | | | | ၁,၉၅၃.၁၁၂ |
| ၁၀ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှရငွေ | | ၃.၀၅၁ | | | | | | | | ၃.၀၅၁ |
| ၁၁ | စုဆောင်းငွေ | | | | | | | | | | |
| | **ပြည်ထောင်စု စုစုပေါင်း** | **၄.၁၉၆** | **၉,၅၃၀.၅၃၆** | **၇၈.၇၈၀** | **၅,၄၆၈.၈၃၄** | **၁,၁၄၇.၀၃၄** | **၄၉၆.၀၉၇** | **၁.၂၀၇** | **၀.၀၁၁** | **၄၀.၆၈၃** | **၁၆,၇၆၈.၃၇၈** |

## ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုအဖွဲ့အစည်းအလိုက် အရအသုံးခန့်မှန်းခြေငွေစာရင်း(သုံးငွေများ)

(ကျပ်ဘီလီယံ)

| စဉ် | အကြောင်းအရာ | ဗဟို အဖွဲ့ အစည်း | ဝန်ကြီး ဌာနများ | လူမှု ဖူလုံရေး | နိုင်ငံတော်ပိုင် စီးပွားရေး အဖွဲ့အစည်း | ဘဏ္ဍာ ရန်ပုံငွေပြင်ပမှ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့ အစည်းများ | ဗဟိုဘဏ် | တပ်မြို့ စည်ပင် သာယာ ရေး | နေပြည်တော် ကောင်စီ | နေပြည်တော် စည်ပင် သာယာရေး | စုစုပေါင်း သုံးငွေ |
|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | သာမန်သုံးငွေ | ၇၀.၀၂၈ | ၅,၈၈၈.၇၄၉ | ၁၃.၀၇၅ | ၁,၄၄၅.၃၁၃ | ၉၀၆.၅၆၄ | ၃၄၃.၄၂၀ | ၁.၁၇၄ | ၀.၇၁၄ | ၂၅.၈၅၇ | ၈,၆၉၄.၈၉၄ |
| ၂ | အတိုးပေးငွေ | ၀.၀၁၇ | ၁,၀၀၇.၄၆၃ | | | | | | | | ၁,၀၀၇.၄၈၀ |
| ၃ | ထောက်ပံ့ငွေ | ၀.၀၀၅ | ၂,၃၆၆.၂၁၀ | | | | | | ၀.၈၀၀ | ၁၁.၁၄၀ | ၂,၃၇၈.၁၅၅ |
| ၄ | ငွေလုံးငွေရင်းသုံးငွေ | ၂၀.၃၈၁ | ၃,၆၅၀.၃၅၆ | ၂.၃၁၂ | ၇၇၇.၁၁၆ | ၂၀၆.၀၈၈ | ၂.၆၉၁ | ၀.၀၄၂ | ၂၅.၈၀၂ | ၃.၄၇၅ | ၄,၆၈၈.၂၆၃ |
| ၅ | ထုတ်ချေးငွေ(ကြွေးမြီ) | | ၂၉.၅၁၆ | | ၂၆.၅၅၇ | ၈.၅၄၄ | | | | | ၆၄.၆၁၇ |
| ၆ | ချေးယူရငွေအတွက် ပေးဆပ်ငွေ (ကြွေးမြီ) | | ၁၇၃.၆၀၃ | | ၂၈၆.၈၅၄ | ၁၅.၉၂၂ | | | | | ၄၇၆.၃၇၉ |
| ၇ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | | ၃၈.၉၃၄ | | ၁၅.၃၅၁ | | | | | | ၅၄.၂၈၅ |
| ၈ | စုဆောင်းငွေ | | | | | | | | | | - |
| ၉ | မိမိဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် ဆောင်ရွက်မည့်လုပ်ငန်းသုံး ရင်းနှီးငွေ(သာမန်သုံးငွေ) | | | | ၂,၄၄၂.၆၅၈ | | | | | | ၂,၄၄၂.၆၅၈ |
| ၁၀ | ကုန်သွယ်လုပ်ငန်းခွန်၊ အထူးကုန်စည်ခွန်၊ ဝင်ငွေခွန်၊ နိုင်ငံတော်သို့ ထည့်ဝင်ငွေ | | | | ၁,၀၀၄.၁၉၃ | | | | | | ၁,၀၀၄.၁၉၃ |
| ၁၁ | မိမိဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် ဆောင်ရွက်မည့် လုပ်ငန်း သုံးရင်းနှီးငွေ (ငွေလုံးငွေရင်း သုံးငွေ) | | | | ၈၅.၄၈၉ | | | | | | ၈၅.၄၈၉ |
| | **ပြည်ထောင်စု စုစုပေါင်း** | **၉၀.၄၃၁** | **၁၃,၁၅၄.၈၅၁** | **၁၅.၃၈၇** | **၆,၀၈၃.၅၃၁** | **၁,၁၃၇.၁၀၈** | **၃၄၆.၁၁၁** | **၁.၂၁၆** | **၂၇.၃၁၆** | **၄၀.၄၇၂** | **၂၀,၈၉၆.၄၃၃** |

ပြည်ထောင်စုလွှတ်တော်ရုံးက ၆-၃-၂၀၁၇ ရက်တွင် ဖြန့်ဝေသည်။

## ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် အရအသုံးခန့်မှန်းခြေငွေစာရင်းနှင့် ၂၀၁၇ ခုနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်း၍ စိစစ်ရေးပူးပေါင်းအဖွဲ့(၁၇)ဖွဲ့၏ စိစစ်လျှော့ချမှုဇယား

(ကျပ်သန်း)

| စဉ် | စိစစ်ရေး ပူးပေါင်းအဖွဲ့ | စိစစ်သည့်အဖွဲ့အစည်း/ဝန်ကြီးဌာန | လျာထားချက် | | စိစစ် လျှော့ချငွေ | စိစစ်လျှော့ချပြီး ကျန်ငွေ | မှတ်ချက် |
|---|---|---|---|---|---|---|---|
| ၁ | အဖွဲ့(၁) | နိုင်ငံတော်သမ္မတရုံး | သာမန် | ၉,၉၁၇.၄၆၅ | ၁၅.၀၀၀ | ၉,၉၀၂.၄၆၅ | ဇယား(၂) |
| | | | ထောက်ပံ့ငွေ | ၅.၀၀၀ | - | ၅.၀၀၀ | မရှိပါ။ |
| | | | ငွေလုံးငွေရင်း | ၁၀.၀၀၄ | - | ၁၀.၀၀၄ | |
| ၂ | အဖွဲ့(၁) | ပြည်ထောင်စုအစိုးရအဖွဲ့ရုံး | သာမန် | ၁,၅၉၁.၀၀၀ | ၁၅.၀၉၄ | ၁,၅၇၅.၉၀၆ | ဇယား(၂) |
| | | | ငွေလုံးငွေရင်း | ၇၁.၀၉၄ | ၁.၅၂၆ | ၆၉.၅၆၈ | ဇယား(၂) |
| ၃ | အဖွဲ့(၁၆) | ပြည်ထောင်စုလွှတ်တော်ရုံး | သာမန် | ၁,၂၆၅.၈၉၀ | - | ၁,၂၆၅.၈၉၀ | မရှိပါ။ |
| | | | ငွေလုံးငွေရင်း | ၁,၇၅၀.၁၄၀ | ၃.၀၀၀ | ၁,၇၄၇.၁၄၀ | ဇယား(၂) |
| ၄ | အဖွဲ့(၁၆) | ပြည်သူ့လွှတ်တော်ရုံး | သာမန် | ၁၀,၅၆၈.၅၆၉ | - | ၁၀,၅၆၈.၅၆၉ | မရှိပါ။ |
| | | | ငွေလုံးငွေရင်း | ၁၇၄.၁၇၇ | ၅၂.၀၀၀ | ၁၂၂.၁၇၇ | ဇယား(၂) |
| ၅ | အဖွဲ့(၁၆) | အမျိုးသားလွှတ်တော်ရုံး | သာမန် | ၆,၄၁၂.၉၃၆ | ၄.၈၁၃ | ၆,၄၀၈.၁၂၃ | ဇယား(၂) |
| | | | ငွေလုံးငွေရင်း | ၁၃၂.၅၉၈ | ၁၈.၄၆၈ | ၁၁၄.၁၃၀ | ဇယား(၂) |
| ၆ | အဖွဲ့(၁၇) | ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး | သာမန် | ၁၅,၇၄၀.၀၀၀ | - | ၁၅,၇၄၀.၀၀၀ | မရှိပါ။ |
| | | | ငွေလုံးငွေရင်း | ၁၁,၆၃၈.၂၈၉ | ၃,၃၂၂.၄၀၈ | ၈,၃၁၅.၈၈၁ | ဇယား(၂) |
| ၇ | အဖွဲ့(၁၇) | နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး | သာမန် | ၈၁၃.၀၆၂ | - | ၈၁၃.၀၆၂ | မရှိပါ။ |
| | | | ငွေလုံးငွေရင်း | ၂၄.၆၈၄ | - | ၂၄.၆၈၄ | |
| ၈ | အဖွဲ့(၁၆) | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် | သာမန် | ၉,၄၉၆.၉၉၀ | ၂၀၀.၀၀၀ | ၉,၂၉၆.၉၉၀ | ဇယား(၂) |
| | | | ငွေလုံးငွေရင်း | ၁,၃၅၆.၉၁၁ | ၉၃.၀၀၀ | ၁,၂၆၃.၉၁၁ | ဇယား(၂) |

ပြည်ထောင်စုလွှတ်တော်ရုံးက ၆-၃-၂၀၁၇ ရက်တွင် ဖြန့်ဝေသည်။

(ကျပ်သန်း)

| စဉ် | စိစစ်ရေး ပူးပေါင်းအဖွဲ့ | စိစစ်သည့်အဖွဲ့အစည်း/ဝန်ကြီးဌာန | လျာထားချက် | | စိစစ် လျှော့ချငွေ | စိစစ်လျှော့ချပြီး ကျန်ငွေ | မှတ်ချက် |
|---|---|---|---|---|---|---|---|
| ၉ | အဖွဲ့(၁၇) | ပြည်ထောင်စုရှေ့နေချုပ်ရုံး | သာမန် | ၂,၁၉၀.၉၃၅ | - | ၂,၁၉၀.၉၃၅ | မရှိပါ။ |
| | | | ငွေလုံးငွေရင်း | ၁,၁၁၉.၈၀၀ | ၂၀၉.၀၀၀ | ၉၁၀.၈၀၀ | ဖယား(၂) |
| ၁၀ | အဖွဲ့(၁) | ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး | သာမန် | ၄,၂၁၇.၂၆၃ | ၃၉၉.၆၃၄ | ၃,၈၁၇.၆၂၉ | ဖယား(၂) |
| | | | ငွေလုံးငွေရင်း | ၂,၆၀၉.၉၈၃ | ၂၆.၀၄၈ | ၂,၅၈၃.၉၃၅ | ဖယား(၂) |
| ၁၁ | အဖွဲ့(၁၆) | ပြည်ထောင်စုရာထူးဝန်အဖွဲ့ | သာမန် | ၇,၈၁၃.၉၇၀ | - | ၇,၈၁၃.၉၇၀ | မရှိပါ။ |
| | | | ငွေလုံးငွေရင်း | ၁,၄၉၃.၀၀၀ | ၄၀.၂၄၁ | ၁,၄၅၂.၇၅၉ | ဖယား(၂) |
| ၁၂ | အဖွဲ့(၃) | နိုင်ငံခြားရေး | သာမန် | ၄၈,၇၇၈.၄၃၃ | ၁၄၃.၅၀၀ | ၄၈,၆၃၄.၉၃၃ | ဖယား(၄) |
| | | | ထောက်ပံ့ငွေ | ၃,၂၀၀.၀၀၀ | - | ၃,၂၀၀.၀၀၀ | မရှိပါ။ |
| | | | ငွေလုံးငွေရင်း | ၅,၆၄၈.၆၅၆ | ၂၉၁.၀၀၀ | ၅,၃၅၇.၆၅၆ | ဖယား(၄) |
| ၁၃ | အဖွဲ့(၁၅) | ပြည်ထဲရေး | သာမန် | ၂၉၃,၃၃၃.၄၆၉ | - | ၂၉၃,၃၃၃.၄၆၉ | မရှိပါ။ |
| | | | ထောက်ပံ့ငွေ | ၆၅.၂၃၂ | - | ၆၅.၂၃၂ | |
| | | | ငွေလုံးငွေရင်း | ၁၀၇,၆၃၉.၃၀၃ | ၅,၄၅၃.၀၄၈ | ၁၀၂,၁၈၆.၂၅၅ | ဖယား(၄) |
| ၁၄ | အဖွဲ့(၂) | ကာကွယ်ရေး | သာမန် | ၁,၆၄၉,၆၅၀.၆၁၇ | - | ၁,၆၄၉,၆၅၀.၆၁၇ | မရှိပါ။ |
| | | | ငွေလုံးငွေရင်း | ၁,၂၅၀,၈၆၅.၂၉၄ | - | ၁,၂၅၀,၈၆၅.၂၉၄ | |
| ၁၅ | အဖွဲ့(၅) | နယ်စပ် | သာမန် | ၂၀,၃၅၇.၅၀၇ | ၁,၄၃၉.၉၉၇ | ၁၈,၉၁၇.၅၁၀ | ဖယား(၄) |
| | | | ထောက်ပံ့ငွေ | ၁၂,၂၅၃.၇၇၃ | - | ၁၂,၂၅၃.၇၇၃ | မရှိပါ။ |
| | | | ငွေလုံးငွေရင်း | ၇၉,၅၃၇.၄၂၀ | ၃,၁၀၅.၈၅၅ | ၇၆,၄၃၁.၅၆၅ | ဖယား(၄) |
| ၁၆ | အဖွဲ့(၅) | နိုင်ငံတော်အတိုင်ပင်ခံရုံး | သာမန် | ၂,၀၀၉.၆၈၇ | - | ၂,၀၀၉.၆၈၇ | မရှိပါ။ |
| | | | ငွေလုံးငွေရင်း | ၃၃၅.၄၇၅ | ၇၅.၀၀၀ | ၂၆၀.၄၇၅ | ဖယား(၄) |

(ကျပ်သန်း)

| စဉ် | စိစစ်ရေး ပူးပေါင်းအဖွဲ့ | စိစစ်သည့်အဖွဲ့အစည်း/ဝန်ကြီးဌာန | လျာထားချက် | | စိစစ် လျှော့ချငွေ | စိစစ်လျှော့ချပြီး ကျန်ငွေ | မှတ်ချက် |
|---|---|---|---|---|---|---|---|
| ၁၇ | အဖွဲ့(၁၅) | ပြန်ကြားရေး(ဦးစီးဌာန) | သာမန် | ၃၄,၈၁၆.၁၈၂ | - | ၃၄,၈၁၆.၁၈၂ | မရှိပါ။ |
| | | | ထောက်ပံ့ငွေ | ၂၀.၀၀၀ | - | ၂၀.၀၀၀ | |
| | | | ငွေလုံးငွေရင်း | ၅,၁၈၇.၃၈၄ | - | ၅,၁၈၇.၃၈၄ | |
| ၁၈ | အဖွဲ့(၁၅) | သာသနာရေး/ ယဉ်ကျေးမှု | သာမန် | ၁၇,၈၉၇.၀၃၉ | - | ၁၇,၈၉၇.၀၃၉ | မရှိပါ။ |
| | | | ထောက်ပံ့ငွေ | ၄,၃၆၇.၈၉၇ | - | ၄,၃၆၇.၈၉၇ | |
| | | | ငွေလုံးငွေရင်း | ၉,၂၆၉.၀၁၃ | ၃,၂၁၂.၈၁၆ | ၆,၀၅၆.၁၉၇ | ဇယား(၄) |
| ၁၉ | အဖွဲ့(၇) | စိုက်ပျိုးမွေးမြူ/ ဆည်မြောင်း(ဦးစီးဌာန) | သာမန် | ၂၉၅,၆၅၈.၃၅၂ | ၂,၁၁၃.၆၅၄ | ၂၉၃,၅၄၄.၆၉၈ | ဇယား(၄) |
| | | | ထောက်ပံ့ငွေ | ၁၇၂,၁၈၃.၂၃၄ | ၉,၅၁၀.၀၀၀ | ၁၆၂,၆၇၃.၂၃၄ | ဇယား(၄) |
| | | | ငွေလုံးငွေရင်း | ၅၈၉,၁၆၀.၀၀၀ | ၁၁၆,၇၁၅.၂၄၅ | ၄၇၂,၄၄၄.၇၅၅ | ဇယား(၄) |
| ၂၀ | အဖွဲ့(၁၁) | ပို့ဆောင်ရေး/ ဆက်သွယ်ရေး(ဦးစီးဌာန) | သာမန် | ၄၂,၈၂၉.၉၇၅ | - | ၄၂,၈၂၉.၉၇၅ | မရှိပါ။ |
| | | | ထောက်ပံ့ငွေ | ၆၂၂.၇၆၅ | - | ၆၂၂.၇၆၅ | |
| | | | ငွေလုံးငွေရင်း | ၉၁,၀၈၆.၇၁၉ | ၁,၉၈၇.၇၀၄ | ၈၉,၀၉၉.၀၁၅ | ဇယား(၄) |
| ၂၁ | အဖွဲ့(၁၀) | သယံဇာတ/ပတ်ဝန်းကျင် (ဦးစီးဌာန) | သာမန် | ၂၉,၂၆၃.၂၈၄ | ၁၅၀.၉၄၅ | ၂၉,၁၁၂.၃၃၉ | ဇယား(၄) |
| | | | ထောက်ပံ့ငွေ | ၄၁၅.၀၂၈ | - | ၄၁၅.၀၂၈ | မရှိပါ။ |
| | | | ငွေလုံးငွေရင်း | ၂၁,၃၄၃.၃၇၄ | ၆၄၅.၅၄၈ | ၂၀,၆၉၇.၈၂၆ | ဇယား(၄) |
| ၂၂ | အဖွဲ့(၁၃) | လျှပ်စစ်/ စွမ်းအင်(ဦးစီးဌာန) | သာမန် | ၃၀,၀၀၅.၇၀၉ | - | ၃၀,၀၀၅.၇၀၉ | မရှိပါ။ |
| | | | ငွေလုံးငွေရင်း | ၃၅၄,၈၅၃.၂၇၄ | - | ၃၅၄,၈၅၃.၂၇၄ | |
| ၂၃ | အဖွဲ့(၄) | အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | သာမန် | ၃၂,၇၁၅.၈၉၈ | - | ၃၂,၇၁၅.၈၉၈ | မရှိပါ။ |
| | | | ထောက်ပံ့ငွေ | ၆၈.၇၃၀ | - | ၆၈.၇၃၀ | |
| | | | ငွေလုံးငွေရင်း | ၃,၅၄၀.၁၄၅ | ၂၁၆.၇၅၈ | ၃,၃၂၃.၃၈၇ | ဇယား(၄) |

(ကျပ်သန်း)

| စဉ် | စိစစ်ရေး ပူးပေါင်းအဖွဲ့ | စိစစ်သည့်အဖွဲ့အစည်း/ဝန်ကြီးဌာန | လျာထားချက် | | စိစစ် လျှော့ချငွေ | စိစစ်လျှော့ချပြီး ကျန်ငွေ | မှတ်ချက် |
|---|---|---|---|---|---|---|---|
| ၂၄ | အဖွဲ့(၁၂) | စက်မှု(ဦးစီးဌာန) | သာမန် | ၈,၆၁၃.၂၅၈ | - | ၈,၆၁၃.၂၅၈ | မရှိပါ။ |
| | | | ငွေလုံးငွေရင်း | ၅,၀၈၁.၅၈၄ | ၃၉၆.၇၆၅ | ၄,၆၈၄.၈၁၉ | ဇယား(၄) |
| ၂၅ | အဖွဲ့(၁၄) | စီးပွား/ကူးသန်း | သာမန် | ၁၂,၂၃၄.၃၄၄ | - | ၁၂,၂၃၄.၃၄၄ | မရှိပါ။ |
| | | | ထောက်ပံ့ငွေ | ၁၂၄.၇၉၆ | - | ၁၂၄.၇၉၆ | |
| | | | ငွေလုံးငွေရင်း | ၉၈၄.၅၀၅ | ၃၆.၄၀၉ | ၉၄၈.၀၉၆ | ဇယား(၄) |
| ၂၆ | အဖွဲ့(၈) | ပညာရေး | သာမန် | ၁,၄၃၅,၄၆၀.၁၅၇ | ၁,၁၂၇.၃၇၀ | ၁,၄၃၄,၃၃၂.၇၈၇ | ဇယား(၄) |
| | | | ထောက်ပံ့ငွေ | ၁၂,၂၈၈.၈၂၆ | - | ၁၂,၂၈၈.၈၂၆ | မရှိပါ။ |
| | | | ငွေလုံးငွေရင်း | ၃၁၅,၈၀၈.၉၀၂ | ၇,၁၀၀.၄၉၀ | ၃၀၈,၇၀၈.၄၁၂ | ဇယား(၄) |
| ၂၇ | အဖွဲ့(၉) | ကျန်းမာရေး/ အားကစား | သာမန် | ၇၁၁,၉၀၉.၆၉၉ | - | ၇၁၁,၉၀၉.၆၉၉ | မရှိပါ။ |
| | | | ထောက်ပံ့ငွေ | ၃,၅၆၆.၈၈၄ | - | ၃,၅၆၆.၈၈၄ | |
| | | | ငွေလုံးငွေရင်း | ၃၆၁,၈၂၁.၀၄၅ | ၁,၇၈၇.၈၈၁ | ၃၆၀,၀၃၃.၁၆၄ | ဇယား(၄) |
| ၂၈ | အဖွဲ့(၆) | စီမံကိန်းနှင့်ဘဏ္ဍာရေး(ဦးစီးဌာန) | သာမန် | ၂၇၉,၆၅၆.၀၂၁ | ၆၆၆.၀၀၀ | ၂၇၈,၉၉၀.၀၂၁ | ဇယား(၄) |
| | | | ထောက်ပံ့ငွေ | ၄၁၂,၇၆၃.၁၁၆ | - | ၄၁၂,၇၆၃.၁၁၆ | မရှိပါ။ |
| | | | ငွေလုံးငွေရင်း | ၅၆,၂၅၇.၆၉၆ | ၅,၀၈၀.၀၄၁ | ၅၁,၁၇၇.၆၅၅ | ဇယား(၄) |
| ၂၉ | အဖွဲ့(၁၁) | ဆောက်လုပ်ရေး | သာမန် | ၁၀၃,၁၄၈.၁၅၄ | - | ၁၀၃,၁၄၈.၁၅၄ | မရှိပါ။ |
| | | | ထောက်ပံ့ငွေ | ၁၅.၆၄၁ | - | ၁၅.၆၄၁ | |
| | | | ငွေလုံးငွေရင်း | ၃၇၄,၇၇၉.၁၅၄ | ၉,၁၅၈.၇၆၈ | ၃၆၅,၆၂၀.၃၈၆ | ဇယား(၄) |

(ကျပ်သန်း)

| စဉ် | စိစစ်ရေး ပူးပေါင်းအဖွဲ့ | စိစစ်သည့်အဖွဲ့အစည်း/ဝန်ကြီးဌာန | လျာထားချက် | | စိစစ် လျှော့ချငွေ | စိစစ်လျှော့ချပြီး ကျန်ငွေ | မှတ်ချက် |
|---|---|---|---|---|---|---|---|
| ၃၀ | အဖွဲ့(၄) | လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | သာမန် | ၃၂,၈၇၆.၄၀၄ | - | ၃၂,၈၇၆.၄၀၄ | မရှိပါ။ |
| | | | ထောက်ပံ့ငွေ | ၃,၉၆၀.၂၇၄ | - | ၃,၉၆၀.၂၇၄ | |
| | | | ငွေလုံးငွေရင်း | ၁၅,၅၈၁.၃၀၃ | ၆၉၀.၉၂၇ | ၁၄,၈၉၀.၃၇၆ | ဇယား(၄) |
| ၃၁ | အဖွဲ့(၁၂) | ဟိုတယ်/ခရီး | သာမန် | ၆,၈၃၆.၄၀၄ | - | ၆,၈၃၆.၄၀၄ | မရှိပါ။ |
| | | | ထောက်ပံ့ငွေ | ၅၁၂.၁၅၅ | - | ၅၁၂.၁၅၅ | |
| | | | ငွေလုံးငွေရင်း | ၁၀၄.၈၅၄ | - | ၁၀၄.၈၅၄ | |
| ၃၂ | အဖွဲ့(၅) | တိုင်းရင်းသားလူမျိုးများရေးရာ | သာမန် | ၂,၁၉၈.၀၇၁ | - | ၂,၁၉၈.၀၇၁ | မရှိပါ။ |
| | | | ငွေလုံးငွေရင်း | ၁,၄၇၀.၉၂၈ | ၆၇.၂၀၀ | ၁,၄၀၃.၇၂၈ | ဇယား(၄) |
| ၃၃ | အဖွဲ့(၄) | လူမှုဖူလုံရေးအဖွဲ့ (ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေပြင်ပ) | သာမန် | ၁၃,၀၇၅.၀၀၀ | - | ၁၃,၀၇၅.၀၀၀ | မရှိပါ။ |
| | | | ငွေလုံးငွေရင်း | ၂,၃၁၁.၈၁၇ | ၁၂၉.၀၇၈ | ၂,၁၈၂.၇၃၉ | ဇယား(၆) |
| ၃၄ | အဖွဲ့(၁၅) | ပြန်ကြားရေး (နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ)ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ | သာမန် | ၁၇,၂၆၁.၉၇၆ | - | ၁၇,၂၆၁.၉၇၆ | မရှိပါ။ |
| | | | ငွေလုံးငွေရင်း | ၁,၉၅၈.၆၁၁ | - | ၁,၉၅၈.၆၁၁ | |
| ၃၅ | အဖွဲ့(၇) | စိုက်မွေး/ ဆည်မြောင်း (နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ)ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ | သာမန် | ၅၅,၃၂၇.၁၀၀ | ၃၀.၀၀၀ | ၅၅,၂၉၇.၁၀၀ | ဇယား(၈) |
| | | | ငွေလုံးငွေရင်း | ၆၅၅.၉၃၈ | - | ၆၅၅.၉၃၈ | မရှိပါ။ |
| ၃၆ | အဖွဲ့(၁၁) | ပို့ဆောင်ရေး/ ဆက်သွယ်ရေး (နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ)ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ | သာမန် | ၁၉၇,၆၀၆.၂၀၆ | - | ၁၉၇,၆၀၆.၂၀၆ | မရှိပါ။ |
| | | | ငွေလုံးငွေရင်း | ၃၃၄,၃၁၇.၆၂၁ | ၁၈၇.၂၃၆ | ၃၃၄,၁၃၀.၃၈၅ | ဇယား(၈) |

(ကျပ်သန်း)

| စဉ် | စိစစ်ရေး ပူးပေါင်းအဖွဲ့ | စိစစ်သည့်အဖွဲ့အစည်း/ဝန်ကြီးဌာန | လျာထားချက် | | စိစစ် လျှော့ချငွေ | စိစစ်လျှော့ချပြီး ကျန်ငွေ | မှတ်ချက် |
|---|---|---|---|---|---|---|---|
| ၃၇ | အဖွဲ့(၁၀) | သယံဇာတ/ပတ်ဝန်းကျင်(နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ)ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ | သာမန် | ၁၀၉,၃၉၆.၂၅၃ | - | ၁၀၉,၃၉၆.၂၅၃ | မရှိပါ။ |
| | | | ငွေလုံးငွေရင်း | ၃၆၁.၅၂၄ | ၄၆.၅၆၉ | ၃၁၄.၉၅၅ | |
| ၃၈ | အဖွဲ့(၁၃) | လျှပ်စစ်/စွမ်းအင်(နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ)ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ | သာမန် | ၂,၈၄၂,၂၉၅.၅၂၉ | - | ၂,၈၄၂,၂၉၅.၅၂၉ | မရှိပါ။ |
| | | | ငွေလုံးငွေရင်း | ၂၉၂,၉၉၈.၀၇၃ | ၉,၀၈၂.၈၇၁ | ၂၈၃,၉၁၅.၂၀၂ | |
| ၃၉ | အဖွဲ့(၁၂) | စက်မှု(နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ)ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ | သာမန် | ၁၈၉,၂၈၁.၀၈၂ | - | ၁၈၉,၂၈၁.၀၈၂ | မရှိပါ။ |
| | | | ငွေလုံးငွေရင်း | ၂၁၃,၀၄၀.၃၂၉ | ၁၁၆,၁၂၇.၈၃၂ | ၉၆,၉၁၂.၄၉၇ | ဇယား(၈) |
| ၄၀ | အဖွဲ့(၆) | စီမံကိန်းနှင့်ဘဏ္ဍာရေး(နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ)ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ | သာမန် | ၄၇၆,၈၀၂.၇၄၉ | ၃၀.၀၀၀ | ၄၇၆,၇၇၂.၇၄၉ | ဇယား(၈) |
| | | | ငွေလုံးငွေရင်း | ၁၉,၂၇၃.၁၆၅ | ၁၉၄.၆၈၇ | ၁၉,၀၇၈.၄၇၈ | ဇယား(၈) |
| ၄၁ | အဖွဲ့(၁၁) | ပို့ဆောင်ရေး/ ဆက်သွယ်ရေး(နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ)ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေပြင်ပ | သာမန် | ၂၀၆,၂၀၇.၄၂၃ | - | ၂၀၆,၂၀၇.၄၂၃ | မရှိပါ။ |
| | | | ငွေလုံးငွေရင်း | ၁၃၄,၂၄၂.၆၁၈ | ၄၄.၃၃၂ | ၁၃၄,၁၉၈.၂၈၆ | ဇယား(၁၀) |
| ၄၂ | အဖွဲ့(၁၃) | လျှပ်စစ်/စွမ်းအင်(နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ)ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေပြင်ပ | သာမန် | ၇၀၀,၃၅၆.၃၁၂ | - | ၇၀၀,၃၅၆.၃၁၂ | မရှိပါ။ |
| | | | ငွေလုံးငွေရင်း | ၇၁,၈၄၅.၅၇၅ | - | ၇၁,၈၄၅.၅၇၅ | |
| ၄၃ | အဖွဲ့(၂) | တပ်မြို့စည်ပင် | သာမန် | ၁,၁၇၄.၀၀၀ | - | ၁,၁၇၄.၀၀၀ | မရှိပါ။ |
| | | | ငွေလုံးငွေရင်း | ၄၂.၀၀၀ | - | ၄၂.၀၀၀ | |
| ၄၄ | အဖွဲ့(၁) | နေပြည်တော်ကောင်စီ | သာမန် | ၇၁၄.၀၀၀ | ၁၂၃.၉၃၆ | ၅၉၀.၀၆၄ | ဇယား(၁၄) |
| | | | ထောက်ပံ့ငွေ | ၈၀၀.၀၀၀ | - | ၈၀၀.၀၀၀ | မရှိပါ။ |
| | | | ငွေလုံးငွေရင်း | ၂၅,၈၀၂.၁၅၄ | ၁,၀၂၅.၇၀၃ | ၂၄,၇၇၆.၄၅၁ | ဇယား(၁၄) |

C:\Users\myothandarkhaing\Desktop\4-2017\for PDF\(4-2017)Budget Report.docx

ပြည်ထောင်စုလွှတ်တော်ရုံးက ၆-၃-၂၀၁၇ ရက်တွင် ဖြန့်ဝေသည်။

(ကျပ်သန်း)

| စဉ် | စိစစ်ရေး ပူးပေါင်းအဖွဲ့ | စိစစ်သည့်အဖွဲ့အစည်း/ဝန်ကြီးဌာန | လျာထားချက် | | စိစစ် လျှော့ချငွေ | စိစစ်လျှော့ချပြီး ကျန်ငွေ | မှတ်ချက် |
|---|---|---|---|---|---|---|---|
| ၄၅ | အဖွဲ့(၁) | နေပြည်တော်စည်ပင်သာယာရေးကော်မတီ | သာမန် | ၂၅,၈၅၇.၀၆၅ | - | ၂၅,၈၅၇.၀၆၅ | မရှိပါ။ |
| | | | ထောက်ပံ့ငွေ | ၁၁,၁၃၉.၉၃၅ | ၁၂၅.၀၀၀ | ၁၁,၀၁၄.၉၃၅ | ဇယား(၁၆) |
| | | | ငွေလုံးငွေရင်း | ၃,၄၇၅.၁၄၀ | ၆၇၁.၆၉၃ | ၂,၈၀၃.၄၄၇ | ဇယား(၁၆) |
| ၄၆ | အဖွဲ့(၆) | မြန်မာနိုင်ငံတော်ဗဟိုဘဏ် | သာမန် | ၃၄၃,၄၂၀.၃၂၅ | ၁၉၇.၇၄၆ | ၃၄၃,၂၂၂.၅၇၉ | ဇယား(၁၈) |
| | | | ငွေလုံးငွေရင်း | ၂,၆၉၀.၄၃၉ | ၂၀.၁၉၃ | ၂,၆၇၀.၂၄၆ | ဇယား(၁၈) |
| | | စုစုပေါင်း | **သာမန်** | **၁၀,၃၃၉,၀၅၁.၇၆၄** | **၆,၆၅၇.၆၈၉** | **၁၀,၃၃၂,၃၉၄.၀၇၅** | |
| | | | **ထောက်ပံ့ငွေ** | **၆၃၈,၃၇၄.၂၈၆** | **၉,၆၃၅.၀၀၀** | **၆၂၈,၇၃၉.၂၈၆** | |
| | | | **ငွေလုံးငွေရင်း** | **၄,၇၇၃,၇၅၁.၇၁၂** | **၂၈၇,၃၁၇.၃၉၀** | **၄,၄၈၆,၄၃၄.၃၇၂** | |
| | | | **သာမန် + ငွေလုံး စုစုပေါင်း** | | **၃၀၃,၆၁၀.၀၂၉** | | |